သုံးလူ့ အထွဋ်၊ တမွတ်ညွှန် ဘုန်းခေါင်ဇိနာ၊

မြတ်ဖြား၊ စောဘုရား၏၊ ဟောကြား ထုတ်ပြရာ

ရှေးပြခဲ့သော ပရမတ္ထတို့တွင်။ စတုတ္ထမြောက်ဖြစ်သော

နိဗ္ဗာန်မကို၊ ရှင် လူ့ရဟန်းဘို့၊ မပ်ဒီမပန်း၊ ချမ်းမြေ့သာယာ

သင်းစွာလွယ်ကူ၊ မှတ်ယူကြည့်ရှုစေခြင်းအကျိုးငှါ။

ယထာဓမ္မ၊ ယထာဝါဒီ လဗ္ဗိဝပသာ

သိက္ခာကာမ-သံသာရ

**ဘာယဘီရုကဖြစ်တော်မူသော**

**(အုဂ်ဗိုရ်ဆရာတော်ဘုရားကြီးသည်)**

**ခြားသီးထုတ်နုတ်တော်မူအပ်သော**

# ဒွိမဏ္ဍလသုက္ကနိဗ္ဗာန်စာတန်း

ရေနံချောင်းမြို့ ပခုက္ကူဝိပဿနာ သင်တန်းအဲ့

အမှတ်(၂) ရေနံချောင်း ဝိပဿနာ

သင်တန်းသူ-သင်တန်းသား အပေါင်းတို့က

ဆယ်ကြိမ်မြောက် ဓမ္မဒါနအဖြစ်

ရိုက်နှိပ်လှူဒါန်းပါသည်။



မူလဒွါရ မဟာနိကာယ တိပိဋကဝိခိုရ်
(ကျေးဇူးသျှင် အုဂ်ဖိုရ်ဆရာတော်ဘုရားကြီးပုံ)

# "နိဗ္ဗာန်ဆိုတာ"

—— ၀ ——

"ဗုဒ္ဓဘာသာဝင်ကုသိုလ်ရှင်တို့ရဲ့ အထွဋ်အထိပ်ပန်းတိုင် (နိဗ္ဗာန်)ဆိုတာကို တိုတိုနဲ့ ကျုပ်သဘော ပေါက်အောင် ဟောပြစမ်းပါ"ဟု မျိုးခြားဆရာဝန်ကြီး တယောက်က အဘိဓမ္မာလေ့လာလိုက်စားနေသူ ဘကျာ်အရာရှိကြီးကိုမေး သည်။ ။"ဆရာကြီးနားလည်အောင်အတိုဆုံးပြောရရင် နိဗ္ဗာန်ဆိုတာငြိမ်းရိုးပါဘဲဗျာ။ နိဗ္ဗာန်မှာ ရုပ်လဲမရှိဘူး၊နာမ် လဲမရှိဘူး"ဟု ဖြေကြားလိုက်သည်။ "ဘာမှမရှိရင်ဘာလို ချင်စရာရှိသလဲ၊ဘာ့ကြောင့် ဗုဒ္ဓဘာသာဝင်တွေက အထွဋ် အထိပ် ထားရပါသလဲ"ဟု ထပ်မံပြော ဆိုသော အခါ။ "ဆရာကြီးက နိဗ္ဗာန်ကို ငြိမ်းရိုးဆိုတာနဲ့ အထင်သေးသွား သလား။နိဗ္ဗာန်ဆိုတာ"စသည်ဖြင့် ဟောပြောမည်ရှိသော အခါ။ "ကျုပ်ကနိဗ္ဗာန်ကိုအထင်မသေးပါဘူး။ နိဗ္ဗာန်ကို ငြိမ်းရိုးလို့ ဟောလိုက်တဲ့ အဘိဓမ္မာဆရာကြီးကိုသာ အထင် မကြီးတာပါ"ဟု ပြန်ကြား ပြောဆိုလေသည်။ ဤကား လွန်ခဲ့သောနှစ်ပေါင်း ၃၀-ကျော်လောက်က ပြည်မြို့တွင် စာရေးသူကြားသိရဘူးသည့် စကားများတည်း။

"နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာဖြစ်သည်။နိဗ္ဗာန် ဝင်စံသသူတို့သည်၊ဒုက္ခခပ်သိမ်းချုပ်ငြိမ်းကြကုန်သည်။"ဟူ သည်ကို ဗုဒ္ဓဘာသာဝင်တိုင်း သိရှိယုံကြည်ကြသည်၊ လက်ခံ

ကြသည်၊ သို့ရာတွင် နိဗ္ဗာန်၏အခြင်းအရာကိုရှင်း၊ နိဗ္ဗာန်ဝင်စံကြကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ သာဝက ရဟန္တာတို့၏ အခြင်းအရာကိုရှင်း၊ ဟောပြောရေးသားကြရာ၌ ကျမ်းဂန်တတ်ပညာရှင်များပင် နတ္ထိကဝါဒ၊ အဘာဝ၊ တုစ္ဆအဖြစ်သို့သက်လားတတ်ကုန်သည်၊ သာမာန် ပညာရှင်ပုဂ္ဂိုလ်များ အဘို့၌ကား ပြောဘွယ်ရာမရှိတော့ပြီ။ နိဗ္ဗာန်ဟူသည် လေးပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သည်။ မဂ်ဖိုလ်တို့၏ အာရုံပြုရာဖြစ်သည်။ ဟူသည်ကိုကား သိရှိကြခြင်းများပြားပေသည်။ နိဗ္ဗာန်၏ အခြင်းအရာ၊ နိဗ္ဗာန်သို့ဝင်စံကြကုန်သော ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ရဟန္တာတို့၏ အခြင်းအရာကိုကားသိရှိကြသူတို့ နည်းပါးကြသည်သာမက ထိုသို့သော အခြင်းအရာကိုကြံဆစူးစမ်းသူတို့ပင် နည်းပါးကြချေသည်။

**(ဦးဘိုးရှင်း)** နိဗ္ဗာန်ဝါဒကို ကြံဆစူးစမ်း၍ အုဂ်ဖိုရ်ဆရာတော် ဘုရားကြီးအား လျှောက်ထားတောင်းပန်သူ တရားမ တရားသူကြီးမင်း ဦးဘိုးရှင်းကား၊ ဟင်္သာတမြို့ဇာတိ၊ စစ်ကဲကြီး ဦးဖန်၏သားဖြစ်၏။ ဦးဘိုးရှင်းဟူသော အမည်နှင့်လိုက်အောင် စကားပြောပွင့်ပွင့်-လင်းလင်း-ရှင်းရှင်းပြောတတ်၏။ ရှေးခေတ် အင်္ဂလိပ်စာတတ်နှင့် မြန်မာ ဘာသာကဗျာလင်္ကာ စာပေကျမ်းဂန်အကြည့်အရှု ဗဟုသုတများသူဖြစ်၏။ ရှေးခေတ်က ကိုးတန်း ဆယ်တန်းတို့၌ ပြဋ္ဌာန်းထားရှိအပ်သော စဥ့်ကူးမင်း

ရွှေနားတော်သွင်း အေးချင်းနှင့် ကိုးခဏ်းပျို့ လင်္ကာတို့ကို လေ့လာခဲ့ရဘူးသူဖြစ်သဖြင့် ကဗျာလင်္ကာ၌အထူးဝါသနာ ပါ၍ စာပေအရေးအသားကောင်းသူတဦးဖြစ်၏။ အုဂ်ဖို၌ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောအခါ အလောင်း တော်ကို အတုလဝေယံ နိဗ္ဗာန်ကျောင်းကြီးသို့ပင့်၍ ထီး ဖွင့် ခမ်းဖွင့်သဘင်ဆင်ယင်ကျင်းပသည်မှစ၍ မဟာသာခု ကိဋ္ဌန ဈာပနပွဲကြီး အကြောင်းအရာတို့ကိုဖွဲ့ဆို စီကုံးအပ် သော မင်္ဂလာအေးချင်း၊ရတုပိုဒ်စုံ လေးချိုးကြီး ရှေးရေး လူးဘားညှပ် ၇၀-ပေါ်တေးထပ် အစရှိကုန်သော ကဗျာ လင်္ကာ ပိုဒ်ရေများစွာတို့ဖြင့် တန်ဆာဆင်အပ်သော မင်္ဂ လာ အေးချင်းစာစောင်ကို အင်္ဂပူဆရာတော်၏ တိုက်တွန်း တော်မူချက်အရ ရေးသားစီကုံး၍ မွေဒါန ပုံနှိပ်ဖြန့်ဝေ လှူဒါန်းခဲ့သူဖြစ်ပေသည်။

**(နတ္ထိက၊ အဘာဝ၊ တုစ္ဆဝါဒ)** သက္ကရာဇ် ၁၂၆၃-ခု နှစ်၌၊ထို ဦးဘိုးရှင်း

တောင်းပန်လျှောက်ထားခြင်းကိုအရင်းခံမူလ အကြောင်း ပြု၍ ကျေးဇူးရှင် အုဂ်ဖို၌ ဆရာတော်ဘုရားကြီးသည်။ စန္ဒမဏ္ဍလသုတ္တ နိဗ္ဗာန်စာတန်းကို ရေးသားတော်မူသည်။ နိဗ္ဗာန်အခြင်းအရာ အစိမ္မေယျဂုဏ် နိဗ္ဗာန်၌ ဝင်စံတော်မူ ကြသော ဗုဒ္ဓ၊ပစ္စေကဗုဒ္ဓ၊သာဝကရဟန္တာတို့၏ အခြင်းအရာ အစိမ္မေယျဂုဏ်တို့ကို ထုတ်ဖေါ်ပြသခါ ထူးခြား နက်နဲ

သော နိဗ္ဗာန်ဝါဒကို ညွှန်ကြားတော်မူခဲ့လေသည်။ ကျမ်းဂန်တို့၌ "မောက္ခော ရာဂ အစရှိသောကိလေသာမှ လွတ်ရာဖြစ်သော နိဗ္ဗာန်။ နိရောဓေါ၊ ချုပ်ရာဖြစ်သောနိဗ္ဗာန်။ နိဗ္ဗာနံ၊ ဝါနဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်။ ဒီပေါ၊ မှီခိုရာ ကိုင်းကျွန်းသဖွယ် ဖြစ်သော နိဗ္ဗာန်။ တဏှာက္ခယော၊ တဏှာ၏ကုန်ရာဖြစ်သောနိဗ္ဗာန်။ ပရံ၊ မြတ်သောနိဗ္ဗာန်။ စသည်ဖြင့်ပြဆိုအပ်သည်။" လွတ်ရာ ချုပ်ရာ၊ ထွက်မြောက်ရာ ကုန်ရာဟူသည်တို့မှာ (သဒ္ဒါနည်းအဓိကရဏသာဓနဖြင့် ဖေါ်ပြထားလေရာ) အငိပ္ပါယ်အားဖြင့် လွတ်ရာဌာန၊ ချုပ်ရာဌာန၊ ထွက်မြောက်ရာ ဌာန၊ ကုန်ရာဌာနဟု ဆိုလိုပေသည်။ အဋ္ဌကထာများတွင်လည်း ထိုကဲ့သို့ဌာနကို ရယူအပ်သော စကားရပ်တို့ဖြင့် ဖွင့်ဆိုထားခြင်းများ ထင်ရှားရှိပေသည်။ (ဤကျမ်းစာ၌ပါရှိပေလတ္တံ့။) သို့ရာတွင် ယင်းသို့အဓိကရဏသာဓန အရဖြစ်သော ဌာနသို့ရောက်အောင် ကောက်ယူကြံဆ တင်ပြနိုင်ခြင်းမရှိကြဘဲ။ ဘာဝသာဓန အရ။ လွတ်ခြင်း ချုပ်ခြင်း ထွက်မြောက်ခြင်း၊ ကုန်ခြင်းမျှကိုသာ ကောက်ယူ ကြံဆတင်ပြကြခြင်းတို့သာ များပြားနေပေသည်။ ထိုသို့ ကောက်ယူခြင်းများအရ။ ရာဂ အစရှိသော ကိလေသာတို့မှ လွတ်ခြင်းသည်ပင် နိဗ္ဗာန်မည်သည်။ ချုပ်ခြင်းသည်ပင် နိဗ္ဗာန်မည်သည်။ တဏှာမှ ထွက်မြောက်ခြင်းသည်ပင် နိဗ္ဗာန်မည်သည်။ တဏှာ၏ကုန်ခန်းခြင်းသည်ပင် နိဗ္ဗာန်မည်သည်ဟူ

သောဒေ ဝိပ္ပါယ်ဖြစ်ရှိနေရကားပေါ်ပြအပ်ပြီးသည်အတိုင်း အဘာဝ ဝါဒ နတ္ထိက ဝါဒ၊ တုစ္ဆဝါဒသို့သက်လားခြင်းဖြစ်နေပေသည်။ (စန္ဒမဏ္ဍလသုတ္တ နိဗ္ဗာန်စာတန်း အချုပ်ကား ဘုရား ရဟန္တာတို့ ဝိပါက်ကမ္မဇရုပ်တို့ကို အကြွင်းမဲ့ ပယ်စွန့်၍ အမတနာမ်ဝိသေသ၊ အမတရုပ်ဝိသေသ သန္တိဘာဝ မဟာအသင်္ခတဓါတ် အထူးသဖြင့် မြတ်သော နိဗ္ဗာန်ပြည်ကြီးဟု ဆိုအပ်၏ဟု ဖြစ်ပေသည်။)

**(ကျမ်းဂန်တို့၌ တိုက်ရိုက်မဆို)** ဤအမတနာမ် ဝိသေသ၊ အမတရုပ်ဝိသေသ ဟူသည်ကို ကျမ်းဂန်တို့၌ တိုက်ရိုက်အားဖြင့် ပြဆိုထားခြင်းမရှိသော်လည်း။ ဤသို့ယူမှ ဥစ္ဆေဒဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊အကြိယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ အဘာဝဝါဒ၊နတ္ထိကဝါဒ၊တုစ္ဆဝါဒတို့မှ ကင်းလွတ်မည်သာ ဖြစ်ပေသည်။ နိဗ္ဗာန်သည်။ ဇီးရိုး(သုည)သာတည်းဟု ဆိုသော် ဥစ္ဆေဒဒိဋ္ဌိ၊နတ္ထိကဒိဋ္ဌိ၊ အဘာဝဝါဒ၊ တုစ္ဆဝါဒဖြစ်ပေမည်။ လောက၌ ထင်ရှားရှိသောဘုရားပင် နိဗ္ဗာန်ဖြစ်၏ဟု ဆိုသော်၊သဿတဒိဋ္ဌိသို့သက်ဝင်ရာသည်။ လောက၌ဘုရားမရှိ နိဗ္ဗာန်၌သာ ထာဝရဘုရားတဆူတည်း အမြဲရှိသည်ဟု ယူသော်။ အဟေတုကဒိဋ္ဌိ အကြိယဒိဋ္ဌိသို့ သက်ဝင်ရာသည် စသည်ကို စန္ဒမဏ္ဍလသုတ္တ စာတန်းအတွင်း၌ ရှင်းလင်းပြဆိုထားပေသည်။ ယင်းပေါ်ပြချက်ကား နေယျတ်သဘော

ယုတ္တိ ဖြစ်သည်။ နေယျတ်အာဂမယုတ္တိကိုလည်း။ ထို စန္ဒမင်္ဂလာသုတ္တနိဗ္ဗာန်စာတန်း၌ ဆက်လက် ပြဆိုထားခြင်း ရှိပေသည်။

ဤကျေးဇူးရှင် အုင်ဖိုခဲဆရာတော်ဘုရားကြီး၏ နိဗ္ဗာန် စာတန်းထွက်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်းအားဖြင့်-၇၀ နီးပါးမျှ ရှိခဲ့ပြီဖြစ်လေသည်။ အစပထမ ထွက်ပေါ်လာဆဲ ခဏ၌ ဗုဒ္ဓဘာသာလောကတွင် ရှေးက မကြားစဘူးသော အမြင်ထူး အသိထူးတို့ကြောင့် နိဗ္ဗာန်ဝါဒကို ဆန်းစစ် လေ့လာ၍လာကြသဖြင့်အမှန်ကို ရောက်စေ သိစေသော အကျိုးထူးကို ခံစားလာရကြပေသည်။ စာတန်းတွင် လို ရင်းယုတ္တိမျှကိုသာ ပဒိယတ္တိကျွမ်းကျင်သူ တပည့်-ဒကာ တယောက်အားရည်စူး၍ အတိုဆုံးချုံး ရေးသားဖော်ပြ ထားခြင်းဖြစ်ရာ နိဗ္ဗာန်ဝါဒ သုတေသီတို့အဘို့ အတော် အတန်နှံ့စပ်ရုံမျှဖြင့် ဆရာတော်ဘုရားကြီး၏ အလိုတော် အာဘော်ကို သဘောပေါက် ထောက်မိနိုင်ရန်မှာလည်း မလွယ်ကူနိုင်သလို ဖြစ်နေသည်ကို တွေ့ရှိလာရ ပေသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီး၏တပည့်ရင်း သုတေသီ အချို့တို့က "စန္ဒမင်္ဂလာသုတ္တ နိဗ္ဗာန်စာတန်း" ကိုပင် အ ကျယ် အဖွင့်သဘောဖြင့် မြန်မာစာ ဖတ်တတ်သူတိုင်း သ ဘောပေါက်နားလည် လွယ်ကူအောင် စာတန်းမူရင်းနှင့် တွဲ၍ချဲ့ထွင်ရေးသား ပေးသင့်ကြောင်းကို ဆွေးနွေးတင်ပြ ခဲ့ဘူးလေပြီ။ သို့သော် အခါအားလျော်စွာ မပေါ်လာနိုင်

သေးမိ အတွင်း၌ ဤနိဗ္ဗာန်စာတန်းမူရင်းကိုပင် အောက်ပါအတိုင်း အနှစ်(၇၀)အတွင်း ဓမ္မဒါနပြုရင်းဖြင့် တင်းတိမ်ခဲ့ကြရလေသည်။

## ဓမ္မဒါနပြု ဖြန့်ဝေခဲ့ကြသောအကြိမ်များ

၁။ စာအုပ်ရေးကြီးစ ၁၂၆၄-ခုနှစ်တွင် ဆရာတော်ဘုရားကြီး၏တပည့်၊ ဒကာမများက ရိုက်နှိပ်သည်။ အုပ်ရေမသိရ။

၂။ ပုသိမ်မြို့ မိဂဒါဝုန်ဆရာတော်ဘုရားကြီး၏တပည့် ဒကာမများက ရိုက်နှိပ်သည်။ အုပ်ရေ ၄၃၀၀။

၃။ အင်းစိန်မြို့ ကြို့ကုန်းရပ် ကမ္မဋ္ဌာနိက ဗောဓိကုန်း အသင်းက ရိုက်နှိပ်သည်၊ အုပ်ရေ-၂၀၀၀။

၄။ ရန်ကုန်မြို့ လောကသာရစာပုံနှိပ်တိုက်မှ (သာသနာ့ရေး ဒီပနီစာအုပ်၌ ထည့်သွင်း) ရိုက်နှိပ်သည်။ အုပ်ရေမသိရ။

၅။ ၎င်းတိုက်မှပင် ၎င်းသာသနာ့ရေးဒီပနီ စာအုပ်၌ ထည့်သွင်း၍ ဒုတိယအကြိမ်ရိုက် အုပ်ရေ-၁၀၀၀။

၆။ ပြည်မြို့၊ မွှေ့လှသိမ်ကုန်း ရပ်နေ ဦးနိုင်-ဒေါ်ကျင်ယုံတို့က ရိုက်နှိပ်သည် အုပ်ရေမသိရ။

၇။ မူလဒ္ဒါရမဟာနိကာယမှ ထုတ်ဝေသော မေ့ဝိနယ စာစောင်၌ ထည့်သွင်း ရိုက်နှိပ်သည်။ အုပ်ရေ-တထောင်။

ဂ။ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဟာရှင်မယ်တယ် စက်ပွဲစားကြီး လင်းလွန်းပင် ကျောင်းဒါယကာ ဦးကုလားကြီးစသော ဒါယကာ တစုတို့က ရိုက်နှိပ်သည့် အုပ်ရေ-၁၀၄၀။

ဃ။ ရန်ကုန်မြို့ အလုံရပ် သစ်တောလမ်းနေ ဦးမောင်ကလေး-ဒေါ်ပု၊ သမီး မစန်းစန်း အုပ်ရေ-၁၁၀၀။

ထို့မှတပါးလည်း ရိုက်နှိပ်ခြင်းများသည်၊ အုဂ်ဖို့၌ဆရာတော်ဘုရားကြီး၏ တပည့်ဒကာများစွာတို့အတွင်း၌ ထပ်မံရိုက်နှိပ်ခြင်းများ ရှိကောင်းရှိပေမည်။

ယင်းသို့ အကြိမ်ကြိမ်ရိုက်နှိပ် လှူဒါန်း ကမ်းလှမ်းငြင်းပင်ရှိခဲ့သော်လည်း။ ဤစန္ဒမဏ္ဍလသုတ္တ နိဗ္ဗာန်စာတန်းမှာ အလိုရှိတိုင်းမရ၊ ရှားပါးနေသည်ကိုတွေ့ရပေသည်။ ဤသို့ရှားပါးရသည်မှာ မူပိုင်ထားရိုက်နှိပ်၍ စာအုပ်ဆိုင်များတွင် တင်ခါရောင်းချခြင်းအမှု မပြုကြ၍ဖြစ်ပေသည်၊ ဆရာတော်ဘုရားကြီး၏စာအုပ်စာတန်းမှန်သမျှသည်။ မည်သည့်ပုဂ္ဂိုလ်ဂိုဏ်းဂဏ အနေဖြင့်ရင်း မူပိုင်ရှင် မထားနိုင်ခဲ့ပေ။ မည်သူမဆို ရိုက်နှိပ်လှူဒါန်းခြင်း ပြန့်ပွါးစေမှု ရေးရှင်း ရိုက်နှိပ်ရောင်းချ ဖြန့်ဝေခြင်းကို အစဉ်ခွင့်ပြု ထားပြီးသာလျှင်ဖြစ်ရာ ဟံသာဝတီ စာအုပ်တိုက်မှ ဆရာတော်ဘုရားကြီး၏ အတိစိတြဂမ္ဘီရတ္ထမမ္မပဒိတ်အမျိုးမျိုးခေါ် စာအုပ်ကိုရင်း။ အလုံ၊ပခုက္ကူ ဝိပဿနာသင်တန်းခွဲမှ ပိပဿနာ

**ဉာဏာတန္တိဋီကာ** ကျမ်းကိုရင်း။ စုပေါင်းရိုက်နှိပ် ဖြန့်ချိရောင်းချလျက်ရှိခြင်းကို ထောက်ရှု၍ ကျေးဇူးရှင် အုဂ်ဖိုဂ်ဆရာတော်ဘုရားကြီး၏ ဤစန္ဒမဏ္ဍလသုတ္တနိဗ္ဗာန်စာတန်းမှအစ ကျမ်းပေါင်းများစွာတို့ကို ဒွါရနိကာယ ဂိုဏ်းဂဏပုဂ္ဂိုလ်တို့အနေအားဖြင့် တစုံတရာ ပိုင်ဆိုင် ချုပ်ကိုင်မှုမပြု၊ မမွကျွန် ပြန့်ပွားမှုကိုသာ ရှေးရှုရင်းမှ ဤနိဗ္ဗာန် စာတန်းသည်။ ရောင်းချဖြန့်ဝေမှုမရှိ၊ လှူဒါန်းမှုဖြင့်သာပျောက်ကွယ်လုနီး ဖြစ်နေသည်ကို နှမြောတသ, မမွဒါနပြုလိုသူများဖြစ်ကြသော ပခုက္ကူ။ ဝိပဿနာသင်တန်းခွဲအမှတ်(၂) ရေနံချောင်း ဝိပဿနာ သင်တန်းကြီးမှ အမှုဆောင်အဖွဲ့ကြီးနှင့် သင်တန်းသူ သင်တန်းသားများသည်။ ယင်းကဲ့သို့ စာအုပ်ဆိုင်တို့၌ ဝယ်ယူ၍ မရရှိနိုင် ရှားပါးနေသော စန္ဒမဏ္ဍလသုတ္တ နိဗ္ဗာန် စာတန်းကို ရိုက်နှိပ် ဖြန့်ချိလိုပါကြောင်းဖြင့် လျှောက်ထား လာသောကြောင့် ကြည့်မြင်တိုင် မဟာရာဇိကာရုမ်တိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး၏ အမိန့်တော်သံကို နာခံ၍ ပုဒ်နေ ပုဒ်ထား သတ်ပုံမှားများကို ပြုပြင်ခါ၊ စက်တင် ပုံနှိပ်လိုက်ရပေကြောင်း။

ဦးဒေဝိန္ဒက
တိုက်အုပ်–စာချဆရာတော်၊
မဟာရာဇိကာရုမ်တိုက်၊ ကြည့်မြင်တိုင်
၁၃၃၃–ခု၊ သီတင်းကျွတ်လဆန်း ၁၅–ရက်။

# ဓမ္မ မင်္ဂလ သုတ္တ နိဗ္ဗာန် ဓာတာမ်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊**

အာကာရံ အစိန္တေယျံ၊ နိဗ္ဗာနဿ စ ဗုဒ္ဓဿ။
ဓမ္မပါတ္ထာဟနိဿာယ၊ လေသမတ္တံ ဝ လေက္ခိဿံ။ ။
ဤကား ဝတ္ထုဂါထာ။

အဂ်ပူရုတ္တမွေနာပိ၊ မောင်တိုးရှင်းတိသုတေသိနာ။
ဥပါသကေနသက္ကစ္စံ၊ ဇာနိတုံ အဘိယာစိတော။ ။
ဤကား ပတျာဂါထာ။

အဂ်ပူရုတ္တမွေနာပိ၊ အဂ်ပူရ၊ မဂမနိမိတ်၊ ဗျယ်တ်သံချို၊ မြို့အုပ်ဖို့ရုံကို၊ ၎ိုအာဏာရ၊ တရားမမြို့အုပ်၊ သမုတ်အမှန်၊ ၎င်းနန္တရလည်း၍ထသော။ သုတေသိနာ၊ သုတမဂ်လာ, အဖြာဖြာသော နည်းကို၊ ဆည်းပူး ရှာမှီးလေ့ လည်း ရှိထသော။ မောင်တိုးရှင်းတိ ဥပါသကေန၊မြို့ရွာခပင်း၊ လူတသင်းတို့၏၊ ညစ်ထင်းရောဂါ၊ အနာနှင့်တူသောအမှု၊ အစုစုကို၊ ဥပဒေ ရာဇသတ်ဖြင့်၊ ဆုံးဖြတ် ရှင်းလင်း ခြင်းငှါ၊ လိမ္မာသော ဉာဏ်ရောင်၊ တဆောင် ဆိမ်းသဖွယ် ရှိသည်ဖြစ်၍။ မောင်တိုးရှင်းဟု၊ ခေါ်ဝေါ်မျှသင်း၊ သတင်းကျော်ကြားသော၊ မြို့အုပ်မင်း ဒါယကာသည်။ သက္ကစ္စံ၊ ရိုသေစွာ။နိဗ္ဗာနဿ စ၊ နိဗ္ဗာန်၏ရင်း။ဗုဒ္ဓဿ စ၊ ဘုရား၏ရင်း

အဝိဇ္ဇေယျ ၊ ဆုံးခန်းတိုင်တိုင်၊မသိနိုင်သော။ အာကာရံ၊ ခြင်းရာဆန်းကြယ်၊ အံ့ဘွယ်သို့ဖြူး၊ ဂုဏ်အထူးကိုသာလျှင်။ ဇာနိတုံ၊ သိခြင်းငှါ။ အဘိယာစိတော၊ ရှေးရှုရှုတ်စပ်၊ တောင်းပန် အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန် အပ်သော ကြောင့်။ ဝါ၊ တောင်းပန်အပ်သော။ အဟံ၊ ငါသည်။ ဓမ္မဓါတုံ၊ သဗ္ဗညုတဉာဏ်တော်ကို။ နိဿာယ၊ မှီ၍။ လေသမတ္တံ ငါ၊ အမြွက်မျှသာလျှင်။ ဝါ၊ အကျဉ်းမျှသာလျှင်။ လေကွိဿံ ၊ ဉာဏ်ပတျာဖြန့်ရေးပါအံ့။ ဤကား ယောဇနာ။ ။ဤ ဂုဏ်၌။ အာကာရံ ဟူသောပုဒ်ကို အာကာယတိ ဒဗ္ဗဝိသေသံ ဉာဏ်ယတိ ဇေတေန ဂုဏဝိသေသေနာတိ အာကာရံဟု ဝစနတ်ပြု။ ။ဧတေန ဂုဏဝိသေသေန၊ ထို ဂုဏ်အထူးဖြင့်။ ဒဗ္ဗဝိသေသံ၊ ဘုရားဒြပ် တရားဒြပ်တော် အထူးကို။ အာကာရိယတိ ဉာဏ်ယတိ၊ သိအပ်၏။ ဣတိ တသ္မာ၊ထိုသို့သိကြောင်း၏အဖြစ်ကြောင့်။တံ၊ ထိုဂုဏ်အထူး သည်။ အာကာရံ၊ အာကာရမည်၏။ ။ဤအရာ၌ အာဂမယုတ္တိကား။ ဧဝံအစိန္တိယာဗုဒ္ဓါ၊ ဗုဒ္ဓမ္မောအစိန္တိယာ၊ အစိန္တိယေပသန္နာနံ၊ ဝိပါကောဟောတိ အစိန္တိယော။ ။ဤကား ဗုဒ္ဓအပဒါန် ပါဠိတော်။ ပါရာဇိကဏ် အဋ္ဌကထာ စသည်တို့၌ လာသော အာဂမယုတ္တိ ဂါထာပါဠိ။ ။ဧဝံ၊ ဤသို့သော အပြားအားဖြင့်။ ဗုဒ္ဓါ၊ ဘုရား ဒြပ်တော်တို့ သည်။ အစိန္တိယာ၊ အံ့ဩချီးမွမ်း၍ မကုန်နိုင်။ ဗုဒ္ဓမ္မော၊ ဘုရား၏ဂုဏ်ကျေးဇူးတော်တို့သည်။ အစိန္တိယာ၊ အံ့ဩချီး

မွမ်း၍ မကုန်နိုင်။ တချို့ကား။ ဗုဒ္ဓါ၊ ဘုရား-ဘုရား
ဂုဏ်ကျေးဇူးတော် တို့သည်။ အစိန္တိယာ၊ အံ့ဩချီးမွမ်း၍
မကုန်နိုင်။ ဗုဒ္ဓဓမ္မော၊ ဘုရား တရားတော် တို့သည်။
အစိန္တိယာ၊ အံ့ဩချီးမွမ်း၍ မကုန်နိုင်။ စေ၊ ဤသို့
အစိန္တိယေ၊ အံ့ဩချီးမွမ်း၍ မကုန်နိုင်သော။ ဘုရားဒြပ်
တော်၊ ဘုရားဂုဏ်တော်တို့ ၌၊ ဝါ၊ ဘုရား-ဘုရားဂုဏ်ကျေး
ဇူး၊ ဘုရားတရားတော်၌။ ပသန္နာနံ၊ သဒ္ဓါကြည်ညိုကုန်
သောသူတို့အား။ အစိန္တိယော၊ အံ့ဩချီးမွမ်း၍ မကုန်နိုင်
သော။ ဝိပါကော၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။ ဤ
ကားယောဇနာ။ ။ဤယောဇနာချိုးတို့တွင်။ စေ၊ အစိန္တိ
ယာဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ၊ အစိန္တိယေ၊ တိုင်အောင်
သော ပါဌ်တို့၌။ ပထမ ယောဇနာချိုးကို။ သာရတ္ထဒီပနီ
ဋီကာနှင့်အညီ။ ဒုတိယ ယောဇနာချိုးကို အပါဒါန် အ
ဋ္ဌကထာနှင့် အညီ။ ယောဇနာအပ်သည်။ ဤဋီကါ၌ ပထမ
ပါဒ ဒုတိယပါဒဖြင့်။ ဘုရားရှင်၏ဂုဏ်တော်ကျေးဇူးတော်
တို့သည် အထူးထူးအထွေထွေဖြစ်ခြင်းကြောင့်၊ တဆူသော
ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို တဆူသော ဘုရားရှင်သည်၊
အာယုကပ် ပတ်လုံး အသက်တော်ရှည်သမျှ တပါးတရား
စကားကို မဟောကြားမူ၍ ထိုတဆူသောဘုရားရှင်၏ဂုဏ်
ကျေးဇူးကိုသာ ရေတွက် ဟောကြားသော်လည်း အာယု
ကပ်ကုန်၍ပရိနိဗ္ဗာန်သာပြုရမည်၊ ထိုတဆူသောဘုရားရှင်၏
ဂုဏ်ကျေးဇူးသည် မကုန်နိုင်ဟူသောအဓိပ္ပါယ်ကိုမှတ်။ တ

နျုံးကား။ ပဌမပါဒ ဒုတိယပါဒဖြင့်၊ ဘုရား-ဘုရားဂုဏ်ကိုရှင်း။ တရားတော်၏ ဂုဏ်ကိုရှင်း။ အထူးထူးအထွေထွေဖြစ်ခြင်းကြောင့်၊ ကြံစီအံ့သြချီးမွမ်း၍မကုန်နိုင်ကုန်သည်၏အစိပ္ပါယ်ကိုပြတော်မူသည်။ ထိုတရားတော်တို့တွင် နိဗ္ဗာန်ဟူသောတရားတော်၏ဂုဏ်ကျေးဇူးကိုလည်း။ ထိုဘုရားရှင်၏ ဂုဏ်ကျေးဇူးကဲ့သို့ပင် အာယုကပ်ပတ်လုံး ဟောကြားသော်လည်းမကုန်နိုင်။ တတိယပါဒ စတုတ္ထပါဒ နှစ်ပါးဖြင့်၊ ထိုဘုရားဂုဏ် တရားဂုဏ်တော်တို့၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သဖြင့်၊ ကြည်ညိုကြသော သူတို့အား အံ့သြချီးမွမ်း၍မကုန်နိုင်သော အကျိုးထူးဝိသေသရှိသည်၏အဖြစ်ကိုပြတော်မူသည်။ ။ယုံကြည်ဘွယ်မှုထုံးဝတ္ထုကား။ ရာဇဂြိုဟ်ပြည်ကြီး၌ ဇောတိက, ဇတိလအစရှိကုန်သော မဟာကုလမျိုးတို့၏ စည်းစိမ်ချမ်းသာ အစိန္တေယျသရုပ်၊ အဋ္ဌုပ္ပတ္တိဝတ္ထုရှိလေပြီ။ဗုဒ္ဓမမ္မာဟူသောပါဠိ၌ အပါဒါန် အဋ္ဌကထာနှင့်အညီ။ ဓမ္မအရကို ပရိယတ္တိဓမ္မနှင့်တကွ လောကုတ္တရာဓမ္မကိုယူ။ ထိုဓမ္မတို့တွင် နိဗ္ဗာန်ဟူသော ဓမ္မဂုဏ်ကို အော်ဓမ္မအပေါင်းတို့ထက် လွန်ကဲသောဂုဏ်ရှိ၏ဟုမှတ်။ ဤပါဠိအပေါင်းတို့တွင်အစိန္တေယျာဗုဒ္ဓါဟူသောပါဠိဖြင့်လောက၌ထင်ရှားရှိသောဘုရားကိုသာ ရည်၍ဆိုအပ်သည်။ နိဗ္ဗာန်သို့ကြွရောက်တော် မူသောဘုရားရှင်ကို မဆိုဟုမယူအပ်။ ယူသော် ယေဗြဟ္မဏာဝေဒဂူ၊ သဗ္ဗဓမ္မေ၊ တေမေနမော ဟူသော ရှေ့ဥဒေါင်းမင်းပရိတ်တော်။ သရိတ္တာပုဗ္ဗကေ ဇိ နေ

ဟူသော ပုံးခင်းပရိဘ်တော်စကားတို့သည်။ နိရုတ္တကဖြစ်ကုန်ရာသည်။ ဤနိဗ္ဗာန်ဟူရာ၌ နိဗ္ဗာန်သည် သဉပါဒိ သေသ နိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဘုရားရဟန္တာတို့သည် ဝိပါက် ကမ္မဇရုပ်အကြွင်းရှိစဉ် ခံစားအပ်သောနိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန်မည်၏။ ဝိပါက်ကမ္မဇရုပ်တို့ကို အကြွင်းမဲ့ပါယ်စွန့်၍ အမတနာမ်ဝိသေသ၊ ရုပ်ဝိသေသဖြင့်ခံစားပြန်သောအခါ အနုပါဒိသေသ မဟာသန်တခေါတ် အထူးသဖြင့်မြတ်သော နိဗ္ဗာန်ပြည်ကြီးဟုဆိုအပ်၏။ ယင်းသို့ နိဗ္ဗာန်နှစ်ပါး ပြားခြင်းသည် ပုဂ္ဂလဘေဒ အားဖြင့် ပြားသည်မဟုပ်။ တယော်သော ပုဂ္ဂိုလ်၌ပင် အခိုက် အတန့်အားဖြင့် ပြားသည်ဖြစ်၍ နိဗ္ဗာန်ကို အဝတ္ထာဘုံဟု ဆိုအပ်သည်။ နှစ်ယော်မတန်၊ နှစ်နိဗ္ဗာန်ဟု ပညာရှိတို့လည်းဆိုကုန်သည်။ ဤနိဗ္ဗာန်၏ဖြစ်သောအခြင်းအရာကို ယောကနတိုင်း သာဂလပြည်ကြီးကိုအစိုးရသော မိလိန္ဒမင်းကြီးက ရဟန္တာဖြစ်သော ရှင်နာဂသိန်မထေရ်မြတ်ကို အရှင်ဘုရား နာဂသိန်၊ ထိုနိဗ္ဗာန်၏ တည်ရာအရပ်သည် အရပ်ရှစ်မျက်နှာ ဆယ်မျက်နှာတို့တွင်၊ အဘယ်အရပ်၌ရှိသနည်းဟု မေးလျှောက်သည်ရှိသော်။ ထိုအရပ်တို့တွင် တစုံတခုသော အရပ်၌မရှိဟု။ ရှင်နာဂသိန်က ဖြေ၏။ ထိုအခါ မင်းကြီးက အရှင်ဘုရား နာဂသိန်၊ အကယ်၍ နိဗ္ဗာန် တည်ရာအရပ် မရှိခဲ့သော် အကြွင်အရိယာ ပုဂ္ဂိုလ်တို့အား နိဗ္ဗာန်

ကိုမျက်မှောက်ပြု၏ ဟူသောစကားသည် ချွတ်ယွင်းတိမ်း ပါးမှားခဲ့၏ဘကား။အရှင်ဘုရားနာဂသိန်၊လောက၌စပါး ၏စိုက်ပျိုးရာလယ်သည်ရှိ၏။ အနန့်၏ဖြစ်ရာ ပန်းသည်ရှိ၏။ ပန်း၏ဘည်ရာ တောချုံသည်ရှိ၏။ အသီး၏ သီးရာသစ်ပင် သည်ရှိ၏။ရတနာ၏ဖြစ်ရာ ကောင်းကင်သမုဒ္ဒရာသည်ရှိ၏။ အလိုရှိသောသူသည် ထိုရှိရာ အရပ်သို့သွား၍ ဆောင်ယူသ ကဲ့သို့။ထိုအတူနိဗ္ဗာန်သည်။အရပ်ရှစ်မျက်နှာ ဆယ်မျက်နှာ တို့တွင် တရပ်ရပ်၌ရှိသော်သာလျှင် ထိုနိဗ္ဗာန်ကိုအလိုရှိအပ် ၏။မရှိဘဲလျက် နိဗ္ဗာန်ကိုမျက်မှောက်ပြု၏ဟူသောစကားကို ဆိုခြင်းကြောင့် ထိုစကားကို မိစ္ဆာဟု တကာတော် ဆိုသ တည်းဟု မင်းကြီးကလျှောက်၏။ ထိုအခါ ရှင်နာဂသိန်က၊ မင်းကြီးတစုံတခုသော အရပ်၌အကယ်၍နိဗ္ဗာန်ထင်ရှားမရှိ သော်လည်း။ ထိုထို အတိတာနန္တရဘဝတို့၌ ဖြည့်ဆည်းပူး အပ်သော ပုညသမ္ဘာရရှိသောသူသည်။ယောနိသောမနသိ ကာရအားဖြင့် အနိစ္စ၊ဒုက္ခ စသော ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းသည်ရှိသော် နိဗ္ဗာန်ဟူသော တရားသည်။ မျက် မှောက်၌ ထင်ရှား ပေါ်လာသည်ဖြစ်၍ နိဗ္ဗာန်ကို မျက် မှောက်ထင်ထင်ပြုနိုင်သတည်းဟုဖြေ၍။ ဥပမာဖြင့်ထင်ရှား ပြအံ့သောငှါ။ ။ယထာပန မဟာရာဇ အတ္ထိအဂ္ဂိနာမ နတ္ထိတဿသန္နိဟိတောကာသော ဒွေကဋ္ဌာနိ၊ သံဃဋ္ဋေန္တော အဂ္ဂိံ အဘိဂစ္ဆတိ။ဧဝမေဝခေါ မဟာရာဇအတ္ထိ နိဗ္ဗာနံ၊ နတ္ထိ တဿ သန္နိဟိတောကာသော သမ္မာပဋိပန္နော ယောနိ

သော မနသိ ကာရေန နိဗ္ဗာနံ သစ္ဆိကရောတိ (မိ-လိန္ဒ-
ပဥှာ ၁ဝ်း ပေညိ) ချပ်။ ပန၊ ဥပမာဖြင့် ထင်ရှားဆို
ဦးအံ့။ မဟာရာဇ၊ မင်းကြီး။ အဂ္ဂိနာမ၊ မီးမည်သည်။
အတ္ထိ၊ ရှိ၏။ တဿ၊ ထိုမီး၏။ သန္နိဟိတော ကာသော၊
စုဝေးသိုမှီးရာအရပ်သည်။ နတ္ထိ၊ မရှိ။ ပနတထာပိ၊ ထိုသို့
မရှိသော်လည်း။ ဒွေကဋ္ဌာနိ၊ နှစ်ချောင်းကုန်သော ဒုင်
တို့ကို။ သံဃဋ္ဋေန္တော၊ ပွတ်တိုက်သည်ရှိသော်။ အဂ္ဂိ၊ မီး
ကို။ အဘိဂစ္ဆတိယထာ၊ ရ၏သို့။ ဧဝမေဝခေါ၊ ဤ
အတူသာလျှင်။ မဟာရာဇ၊ မင်းကြီး။ နိဗ္ဗာနံ၊ နိဗ္ဗာန်
သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုနိဗ္ဗာန်၏။ သန္နိဟိတော
ကာသော၊ စုဝေးသိုမှီးရာ အရပ်သည်။ နတ္ထိ၊ မရှိ။ ပန
တထာပိ၊ ထိုသို့မရှိသော်လည်း။ သမ္မာပဋိပန္နော၊ ဝိပဿနာ
ကမ္မဋ္ဌာန်းကို။ ကောင်းစွာစီးဖြန်းခြင်း အကျင့်ရှိသော သူ
သည်။ ယောနိသော မနသိကာရေန၊ အသင့်အတင့်နှစ်လုံး
သွင်းသဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်
မှောက်ထင်ထင်ပြုနိုင်၏။ ။ဤကားယောဇနာ။ ဤပါဠိ၌
ဒွေကဋ္ဌာနိ သံဃဋ္ဋေန္တောအဂ္ဂိ အဘိဂစ္ဆတိဟူသောပါဠိဖြင့်
မီးကို အလိုရှိသောသူသည်။ ဒုင်နှစ်ချောင်းကို ပွတ်တိုက်
သည်ရှိသော်။ မျက်မှောက်ထင်ထင် မီးဖြစ်လာ၍ မြင်ရသ
ခဲ့သို့။ ပုညသမ္ဘာရရှိသော ယောဂီပုဂ္ဂိုလ်သည်။ ယောနိ
သော မနသိကာရအားဖြင့်။ ဝိပဿနာကိုပွါးသည်ရှိသော်
မျက်မှောက်၌ပင် နိဗ္ဗာန်သည် ထင်ရှားစွာ ပေါ်လာ၏ဟူ

သော အဓိပ္ပါယ်ကိုပြသည်။ ။ မင်းကြီး ဥပမာတန်ျိုးကား။ လောက၌ စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိဖုရားကြီးရတနာ၊ သူဌေးကြီးရတနာ၊ သားကြီးရတနာဟု ဆိုအပ်ကုန်သော ရတနာ ခုနှစ်ပါးတို့သည် ထင်ရှားရှိကုန်၏။ သိုမိုးရာအရပ်ကား မရှိ။ ထိုသို့ မရှိသော်လည်း ဆည်းပူးအပ်သော ပုညသမ္ဘာရရှိသောသူသည်။ စကြာမင်းတို့ ကျင့်အပ်သော ကျင့်ဝတ်တစ်ဆယ် နှစ်ပါးကိုကျင့်သဖြင့် မျက်မှောက် မျက်မြင် ပေါ်လာထင်ရှား၍ သုံးဆောင် ခံစားရသခဲ့သို့ဟု ဥပမာကိုဆိုပြီး၍၊ ဥပမေယျကို ထင်စွာပြခြင်းငှါ။ ။ဝေမေဝခေါ၊ မဟာရာဇအတ္ထိ၊ နိဗ္ဗာနံနတ္ထိ တသာသန္နိဟိတောကာသော သမ္မာပဋိပန္နော ယောနိသော မနသိကာရေန သခ်ါရာနံ ဥဒယဗ္ဗယံ သမ္မသမာနော နိဗ္ဗာနံ သစ္ဆိကရောတိတိ ဟူ၍ မိန့်တော်မူ၏။ (မိလိန္ဒပဉှာ ဘာ်းပေညီချပ်။) ဥပမာပါဠိကို ကျယ်အံ့စိုး၍ မရေးလိုက်ပြီ။ အလိုရှိလျှင် မိလိန္ဒပဉှာ၌ရှု။ မဟာရာဇ၊မင်းကြီး။ဧဝမေဝခေါ၊ဤရတနာခုနှစ်ပါးအတူသာလျှင်။နိဗ္ဗာနံ၊နိဗ္ဗာန်သည်၊အတ္ထိ၊ရှိ၏။တဿ၊ထိုနိဗ္ဗာန်၏သန္နိဟိတောကာသော၊ စုဝေးသိုမှီးရာ အရပ်သည်။ နတ္ထိ၊ မရှိ။ ပနတထာပိ၊ ထိုသို့မရှိသော်လည်း။ သမ္မာပဋိပန္နော၊ ကောင်းစွာကျင့်သောသူသည်။ယောနိသော မနသိကာရေန၊အသင့်အတင့်နှစ်လုံးသွင်းသဖြင့်။သခ်ါရာနံ၊သခ်ါရတို့၏ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်း ပျက်ခြင်းတေးကို။ သမ္မသမာနော၊

ကောင်းစွာမြင်သည်ဖြစ်၍။နိဗ္ဗာန်၊နိဗ္ဗာန်ကို။သစ္စာကရောတိ မျက်မှောက်ထင်ထင် ပြုနိုင်၏။ ဣတိ၊ ဤသို့။ အာဟ၊ဆို၏။ ဤကား ယောဇနာ။

ထိုအခါ မင်းကြီးက အရှင်ဘုရားနာဂသိန်၊ ထိုနိဗ္ဗာန် ၏ စုဝေး၍ တည်ရာအရပ် မရှိသည်ဖြစ်စေ၊ အကြင်အရပ် ဒေသ၌ တည်လျက် ကောင်းစွာကျင့်သောသူသည် နိဗ္ဗာန် ကိုမျက်မှောက်ပြုရာ၏။ ထိုအရပ်ဒေသသည်။ ရှိသလောဟု မေးပြန်သော် မင်းကြီးဆောက်တည်အပ်သော သီလသည် နိဗ္ဗာန်ကိုမျက်မှောက်ပြုရာ အရပ်တည်း။ သီလ၌တည်လျက် ကောင်းစွာ နှလုံးသွင်းသောသူသည်၊ မိမိ၏ တောအရပ် အစရှိသော တစုံတခုသောအရပ်၌ နေသော်လည်း။နိဗ္ဗာန် ကိုမျက်မှောက်ပြုနိုင်၏။ ဤသို့စသည်ဖြင့် ဆိုသည်ရှိသော် အရှင်ဘုရား ကောင်းလှပေ၏။ အရှင်ဘုရား၏ စကားကို တကာတော် ဝန်ခံပါ၏ဟုဆို၏။

ဤစကားအစဉ်တို့တွင် ရှေးဥပမာဖြင့်နိဗ္ဗာန်၏လဝန်း နေဝန်းအရောင် တံဆောင်ဆီမီးပမာ၊ အရောင်အဝါ လွန် ကဲစွာသော အခြင်းအရာနှင့်တကွ ထင်ရှားပေါ်လာသည် ကိုပြသည်။ နောင် ဥပမာဖြင့် ဗြဟ္မာမင်း၏ ဘုံဗိမာန်မျှ မက နှစ်လုံးမွေ့လျော်ဘွယ်အဆန်းဆန်း ရတနာအတိပြီး သော နိဗ္ဗာန်ဘုံနန်း အခြင်းအရာနှင့်တကွ ထင်ရှားပေါ် လာသည်ကိုပြတော်မူသည်။ ကျမ်းဂန်တို့၌ ဥပမာနှစ်ပါး စသည်ကိုပြသည်ရှိသော်။ ရှေး–ဥပမာ။ နောင်–ဥပမာဖြင့်

ဥပမေယျအံ့ ထူးသည်၏အဖြစ်ကို သိစေခြင်းငှါဒေါင်း။ ဥပဓမေယျ အံ့ ထင်ရှား စေခြင်းငှါဒေါင်း။ ဥပမာနှစ်ပါးစ သည်ကို ပြမြဲဖြစ်သည်။ ။ပုံကား၊ အဝိဇ္ဇ မဟာဂဟဏံ ဝိယမဟာဒုဂ္ဂံ ဝိယစအန္ဓကာရံ အပိဘူတံဟောတိ။ ။ကျွ ကား၊ နေ့တွင်းအင်္ဂုတ္တရ သောဓနာဟာရ ဝိဘင်္ဂဝဏ္ဏနာ ဘဝ်း ပေ ညာချပ်၌ လာသောပုံတည်း။ ။မနောဝိညာဏ ဓါတုဂဟိတာ ရမ္မဏံမုဋ္ဌိတွာပိ အညံဂဟေတွာဝ ပဝတ္တန တော ဝန မက္ကဋောဝိယ ဒုဒ္ဒမနတော အဿခလုံကော ဝိယ ယတ္ထကာမနိပါတိတောဝေဟာ သံသိခိတ္တာဒဏ္ဍောဝိယ လောဘ ဒေါသာဒိနာနပ္ပကာရ ကိလေသယောဂတော ရင်္ဂနဋောဝိယ ဒဋ္ဌဗ္ဗာတိ။ကျွကား၊ သမ္မောအင်္ဂုတ္တ ဓါတု ဝိဘင်္ဂဝဏ္ဏနာ ဘဝ်းပေ ဂိချပ်၌လါသောပုံတည်း။ ။အဝိဇ္ဇ ၊သစ်မြစ်နွယ်ကြိမ် ရှက်လိမ်ရှုပ်ထွေးသည်ဖြစ်၍ ဖြေထွင် နိုင်ခဲသော။ မဟာဂဟဏံဝိယစ၊ တောအုပ်ကြီးကဲ့သို့ရင်း။ မဟာဒုဂ္ဂံဝိယစ၊ ကြီးကျယ်ရှည်လျား မျှားမြေံသည်ဖြစ် ၍။ကူးမြောက်နိုင်ခဲသော တောကြီးကဲ့သို့ရင်း၊အန္ဓကာရံ၊ အမိုက်တိုက်သည်။ဟုတွာ၊ဖြစ်၍။လောကေ၊လောကသည် အဝိဇ္ဇာယ၊အဝိဇ္ဇာဖြင့်၊အဝိဘူတံ၊မထင်ရှားသည်။ဟောတိ၊ ဖြစ်၏။ကျွကား ရှေးပါဠိ၏ ယောဇနာ၊မနောဝိညာဏဓါတု မနောဝိညာဏဓါတ်သည်။ ဝါ၊ မနောဝိညာဏ ဓါတ်ကို။ ဝါ၊မနောဝိညာဏဓါတ်၏။ ဂဟိတာရမ္မဏံ ၊ ယူအပ်သော အာရုံကို။ မုဋ္ဌိတွာပိ၊ လွှတ်၍လည်း။ အညံ၊ တပါးသော

အာရုံကို။ ဂဟေတွာဝ၊ ယူ၍သာလျှင်။ ပဝတ္တနတော၊ ဖြစ်ခြင်း
ကြောင့်။ ဝနမက္ကဋ္ဌောဝိယ၊ တောမျောက်ကဲ့သို့ရင်း။ ဒုဒ္ဒမန
တော၊ ဆုံးမနိုင်ခဲသောကြောင့်၊ ဝါ၊ ထိန်းသိမ်းနိုင်ခဲသော
ကြောင့်။ အဿခလုံကောဝိယ မြင်းကျဏ်းကဲ့သို့ရင်း။ ယတ္ထ
ကာမနိပါတိတော အကြင်အာရုံ၌အလိုရှိရာ ကျတတ်သော
ကြောင့်။ ဝေဟာသံ၊ ကောင်းကင်သို့။ ခိတ္တဒဏ္ဍောဝိယ
ပြစ်အပ်သော လှံတံကဲ့သို့ရင်း။ လောဘဒေါသာဒိနာနပ္ပ
ကာရ ကိလေသယောဂတော၊ လောဘ ဒေါသ စသော
အထူးထူးအပြားပြားများသော ကိလေသာနှင့်ယှဉ်သော
ကြောင့်။ ရင်္ဂနဋ္ဌောဝိယ၊ သာဘင် ကချေသည်ကဲ့သို့ရင်း။
ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ ဤကား နေ့ပါဠိ၏ ယောဇနာ။
ဤပုံ ဥပမာတို့ လာသည်ကို ထောက်ရှု၍ ရဟန္တာမြတ်
ရှင်နာဂသိန်၏ ဥပမာအံ့ ထူးဟန်ကိုလည်းသိ။ ။အနိ
ဒဿနံနိပ္ပပဉ္စဉ္စသန္တံ အမတံပဏီတဉ္စ သိဝဉ္စ ခေမံ တဏှက္ခ
ယော အစ္ဆရိယဉ္စအဗ္ဘုတံ။ ဤကား နေတ္တိဝေဝစနဟာရ
၌လာသော ပါဠိတော် ဒါန်းပေ ခိချုပ်။ ။နိဗ္ဗာန်၏ဂုဏ်ပုဒ်
အများတို့တွင် လိုရာ၌ ၁၀–ပုဒ်ကိုသာ ရွေးနှုတ်ထုတ်လိုက်
သည်။ အကြွင်းကိုအလိုရှိလျှင် ထိုဟာရမှာရှု။ အနိဒဿနံ၊ အ
ရိယာပုဂ္ဂိုလ်တို့သာ မြင်အပ် သိအပ်ကုန်သည်ဖြစ်၍။ ဇစ္စန္ဓ
ပုဂ္ဂိုလ်တို့သည် နေ့လကိုမမြင်မသိနိုင်သကဲ့သို့။ ဇစ္စန္ဓဟုဆိုအပ်
ကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ မံသစက္ခု ဒိဗ္ဗစက္ခုဖြင့်
နိဗ္ဗာန်ကို မမြင်မသိနိုင်ခြင်း။ အနိဒဿန ဂုဏ်လည်းရှိ၏။

နိပ္ပပဉ္စ၊သံသရာကိုကျယ်စေတတ်သော။ တဏှာမာနဒိဋ္ဌိဟု
ဆိုအပ်သော။ပပဉ္စတရားသုံးပါးလည်းမရှိခြင်း။နိပ္ပပဉ္စဂုဏ်
လည်းရှိ၏။သန္တ*၊ ငြိမ်သက်တည်ကြည်ခြင်း သန္တဂုဏ်လည်း
ရှိ၏။အမတံ၊ စုတေ ရွေ့လျောခြင်းမရှိသော။ အမတဂုဏ်
လည်းရှိ၏။ပဏီတဉ္စ၊မွန်မြတ်ခြင်း ပဏီတဂုဏ်လည်းရှိ၏။သီ
ဝဉ္စ ကမ္မဝဋ္ဋ၊ ကိလေသဝဋ္ဋ၊ဝိပါကဝဋ္ဋတို့၏ မရှိခြင်းကြောင့်
ငြင်း။ဝါ၊ရောဂမီး၊ဒေါသမီး၊ မောဟမီး၊ပဋိသန္ဓေနေရခြင်း
မီး၊အို ရခြင်းမီး၊နာရခြင်းမီး၊ သေရခြင်းမီး၊စိုးရိမ်ပူဆွေး
ရခြင်းမီး၊ဒုက္ခမီး၊နှစ်လုံးမသာယာခြင်းမီး၊ သက်ကြီးရှိုက်
တငင် ပင်ပန်းရခြင်းမီးဟု ဆိုအပ်သော ၁၁-ပါးသောမီး
မရှိခြင်းကြောင့်ငြင်း။ ချမ်းခြေင်း၊ သီဝဂုဏ်လည်း ရှိ၏။
ခေမဉ္စ၊တစုံတခုဘေးမရှိခြင်း။ခေမဂုဏ်လည်းရှိ၏။ တဏှက္ခ
ယောစ၊ တဏှာ၏ကုန်ခြင်း။ တဏှက္ခယ ဂုဏ်လည်းရှိ၏။
အစ္ဆရိယဉ္စ၊ပြုအပ်ပြီးသော ကောင်းမှုရှိသော သူတို့သည်။
ရှေးရှေးသောကာလ၌ တကြိမ်တခါမျှ မမြင်ရဘူးသော
အဆန်းတကြယ်သော နိဗ္ဗာန်ဘုံဗိမာန်ကို ပစ္ဆိမဘဝ၊ ဤ
ကာလ၌ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာ ဉာဏ်တို့ဖြင့်
တရံတခါသာလျှင် မြင်အပ်သည်၏အဖြစ်ကြောင့် လက်ပျစ်
တွဲးတီးအံ့ခြီးချီးမကုန်သော။ အစ္ဆရိယဂုဏ်လည်းရှိ၏။ ။
အဗ္ဘုတဉ္စ၊လူ့ဘုံ၊နတ်ဘုံ၊ဗြဟ္မာဘုံ၊တို့၌ တရံတခါမဖြစ်ဘူး
မြဲး၊ အထူး အဆန်း အခန်းခန်း ဖြစ်လာခြင်း၊ အဗ္ဘုတ
ဂုဏ်လည်းရှိ၏။ ။ဤကား၊မေ့န္တယယောဇနာ။ ။အဗ္ဘု

တပုဒ်၏အနက်ကို။ အဗ္ဗူကာပုဗ္ဗ ဘုတံဟုသာဒ္ဒနီတိဖွင့်အပ်သည်နှင့် အညီ ယောဇနာ။ ထိုဂုဏ်အနုစမ်တို့တွင် သိဝံဟူသောပုဒ်ဖြင့် ဘုရားအလောင်းတော် ငုမ်းမင်းဖြစ်စဉ်ကာလ အမွေး အတောင် မပေါက်မရောက်ဘို့ တောမီးကြီးစွာ လောင်ရှိလာ သောအခါမိဘတို့သည်ထိတ်လန့်ကြောက်ရွံ့ပြစ်စွန့်၍ပြန်သွား ကြသည်ရှိသော် ထိုငုမ်းသူငယ်သည် မပြန်မသွားနိုင်သည် ဖြစ်၍ရှေးဘုရားတို့၏။ဂုဏ်ကျေးဇူးကို အောက်မေ့ဆင်ခြင်၍ သီလသစ္စာ ကိုယ်နှုတ်နှလုံးသုံးပါးတို့၏စင်ကြယ်ခြင်း။ သတ္တဝါတို့အားသနားခြင်း။ ကရုဏာဟု ဆိုအပ်သော လေးပါး အမှန်သစ္စာကို ပန်သဖြင့် ကောန်မရှင်း တစ်ဆဲ့ခြောက်မင်း ပါယ်စားသောအရပ်ကိုမီးရှောင်ကွင်း၍သွားလေလျှင်ငုမ်း မင်းနှင့်တကွ များစွာသောသတ္တဝါတို့သည် မီးဘေးမှ ချမ်း သာရကြရာအရပ်ကဲ့သို့ လေးအသင်္ချေနှင့်ကမ္ဘာတသိန်းကာ လပတ်လုံး ဆဲ့တပါးသော မီးတို့၏ ကင်းငြိမ်းရာ အရပ်ကို တောင့်တ၍ ဖြည့်ကျင့်တော် မူသော ပါရမီတော် အာနု ဘော်အစွမ်းကြောင့် ပစ္ဆိမဘဝ ဤအခါ၌အရိယာပုဂ္ဂိုလ် အပေါင်းနှင့်တကွ ဘုရားကိုယ်တော်မြတ်သည်။ ရသိတော် မူအပ်သော ဆဲ့တပါးသော မီး၏ကင်းရာ နိဗ္ဗာန်ပြည် ဌာနအရပ်တည်းဟု အဓိပ္ပါယ်ကိုပြတော်မူသည်။

အဗ္ဗူတာ ဟူသော ဂုဏ်ပုဒ်ဖြင့် နိဗ္ဗာန် ပေါ်လာသော အခါ ပရမတ္ထသဘာဝ အားဖြင့် သာမညပေါ်လာသည်

မဟုတ်။ ထိုနိဗ္ဗာန်၏ အာနုဘော ဝိအားဖြင့်နတ်ဘုံ၊ ဗြဟ္မာဘုံတို့နှင့်မပြိုင်သာ မနိုင်းသာသော ဘုံဗိမာန် အခြင်းအရာ အာနိသံသဖလ နှင့်တကွ ထင်ရှား ပေါ်လာ၏ ဟူသော အဓိပ္ပါယ်ကိုမှတ်။ ဤသို့နိဗ္ဗာန်၏ အထူးအဆန်းပေါ်လာခြင်းသည်။ နိဗ္ဗာန်၏ အစိန္တေယျ ဂုဏ်တမျိုးပင် ဖြစ်သည်။ ပုံကား ကြေးရတနာရထားပေါ်လာသောအခါ။ ရထား သက်သက်သာ ပေါ်လာသည်မဟုတ်။ ထိုရထား၏ အာနုဘောဝ် အစွမ်းဖြင့် နန်းဘုံဗိမာန်နှင့်တကွ ပေါ်လာသခဲ့သို့ ငှင်း။ ငှက်တို့ပေါ်လာသောအခါ။ ငှက်ခန္ဓာကိုယ်သက်သက်သာ ပေါ်လာသည်မဟုတ်။ ဝိပါကဇိဒ္ဓိအားဖြင့် အမွေးအတောင်တို့လည်း ပေါက်ရော့ လာသခဲ့သို့ငှင်း၊ မှတ်အပ်၏။ ။နတ္ထိ၊ ဇာတိဇရာ ဗျာဓိမရဏဥ္စ၊ မဟာမုနေ၊ အဇရာမရဏံပုရံ ဂမိဿာမိအသံခတံ။ ။ဤကား လေးသောင်းကျော် ဘော်ရွှေတို့ထိပ်တင် အရှင်သခင်မ၊ ရာဟုလ မယ်တော် ရဟန္တာအရှင်မ၏အပါဒါနိပါဠိတော် ဘွဲ့ချုပ် မဟာမုနေ၊ ဘုရားမြတ်။ ယတ္ထ၊ အကြင်နိဗ္ဗာန်၌။ ဇာတိဇရာ ဗျာဓိမရဏဥ္စ၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း သည်လည်း။ နတ္ထိ၊ မရှိ။ အဇရံ၊ အိုခြင်းလည်း မရှိသော။ အမရဏံ၊ သေခြင်းလည်းမရှိသော၊ အသံခတံ၊ အကြောင်းတရားလေးပါးတို့သည်။ ပြုပြင်စီရင်ခြင်းလည်း မရှိသော။ တံပုရံ၊ ထိုနိဗ္ဗာန်ပြည်ကြီးသို့၊ ဂမိဿာမိ၊ သွားပါအံ့။ ။ဤကား မေ့နှယ ယောဇနာ။

ဤပါဠိ၌၊ပူရံဟူသောပုဒ်ဖြင့် နတ်ပြည်၊ဗြဟ္မာပြည်တို့ဖြင့် မပြိုင်သာမနိုင်းသာ ထင်လာ မြင်လာသော အဆန်း တကြယ်သော နိဗ္ဗာန်ပြည်ကြီးသို့ ဘုရားတပည့်တော်မ သွားပါတော့အံ့ဟူသော အဓိပ္ပါယ်ကိုပြသည်။ ။သဒ္ဓမ္မပဇ္ဇောရဆတ္တံ ဒတွာ ပါပနိဝါရဏံ၊ပါပယိတွာ အဘယပူရံ၊ နိဗ္ဗုတော သော သသာဝကော။ ။ဤကား ဗုဒ္ဓဝင်ပါဠိတော်ခဝ်း ပေဂိချုပ်၌ လာသော ဂါထာပါဠိ။ ။ပါပနိဝါရဏံ အကုသိုလ်တည်းဟူသော နေပူကို တားမြစ် တတ်သော။ သဒ္ဓမ္မပဇ္ဇောရဆတ္တံ၊ အရဟတ္တဖိုလ်တည်းဟူသော ထီးဖြူကို ဒတွာ ပေးတော်မူ၍။ မဟာဇနံ၊ ဗောဓေယျ သတ္တဝါ အပေါင်းကို။ အဘယပူရံ၊ ဘေးမရှိရာ နိဗ္ဗာန်ပြည်သို့။ဝါ၊ မဂ္ဂင်ရှစ်ပါးတို့ဖြင့် ရောက်အပ်သော ဘေးတို့၏ ကင်းရာ နိဗ္ဗာန်ပြည်သို့။ ပါပယိတွာ၊ ရောက်စေတော်မူ၍။ ဝါ ပို့ဆောင်တော်မူပြီး၍။သော၊ ထိုကဿပ မြတ်စွာဘုရားသည် သသာဝကော၊ တပည့်သား သင်္ဃာတော်နှင့်တကွ။ နိဗ္ဗုတော၊ နိဗ္ဗာန်စံဝင်တော် မူလေပြီ။ ။ဤကား ဓမ္မနယ ယောဇနာ။

အဘယပူရံ ဟူသော ပါဠိဖြင့် နတ်ပြည်, ဗြဟ္မာပြည်တို့ဖြင့် မပြိုင်သာ မနိုင်းသာ ထင်လာမြင်လာသော အဆန်း တကြယ်သော နိဗ္ဗာန်ပြည်ကြီးတည်းဟု အဓိပ္ပါယ်ကိုပြတော်မူသည်။ မာပေသိ နဂရံသတ္ထာ၊ သဒ္ဓမ္မပူရ မုတ္တမံ။ ဤကား ဗုဒ္ဓဝင်သပါဠိတော် ခဝ်းပေ ကံချုပ်။ ။သတ္ထာ

လူနတ်တို့၏ ဆရာဖြစ်တော်မူသော။ သောမုနိ၊ ထိုသုမဏ မြတ်စွာဘုရားသည်။သဒ္ဓမ္မပူရံ၊ဗောဓိပက္ခိယ တရားရတနာ တို့ဖြင့်ပြည့်သော။ဥတ္တမံ၊မြတ်သော။နဂရံ၊ အရိယာပုဂ္ဂိုလ် တို့၏တည်ရာ အာရုံပြုရာ နေရာဖြစ်သော နိဗ္ဗာန်မြို့ကြီးကို။ ဗောဓေယျာနံ၊ ကျွတ်ထိုက် ကုန်သော သတ္တဝါ တို့အား။ မာပေသိ၊ မျက်မှောက်ထင်ထင် မြင်စေတော်မူပြီ။ ။ဤကား ဓမ္မန္ဒယ ယောဇနာ။

ပဋိဝိဒ္ဓဓမ္မသဘာဝါနံ သေခါသေခါနံ အရိယပုဂ္ဂလာနံ ပတိဋ္ဌာန ဂေါစရနိဝါသနဋ္ဌာနဋ္ဌေန နိဗ္ဗာနံ နဂရန္တိ ဝုစ္စတိ။ဤကား ဗုဒ္ဓဝင်အဋ္ဌကထာ ဝဏ်းပေ နိချုပ်၌လာသော ပါဠိ ပဋိဝိဒ္ဓဓမ္မသဘာဝါနံ၊ ထိုးထွင်း၍သိအပ်သော တရား သဘောရှိကုန်သော။ သေခါသေခါနံ၊ သေက္ခအသေက္ခ ဖြစ်ကုန်သော။အရိယပုဂ္ဂလာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။ ပတိဋ္ဌာနဂေါစရ နိဝါသနဋ္ဌာနဋ္ဌေန၊ တည်ရာဟူသော အတ္ထ အာရုံပြုရာ ဟူသောအတ္ထ။ နေရာဟူသော အတ္ထ ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ နဂရန္တိ၊ နဂရဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ဤကား ဓမ္မန္ဒယ ယောဇနာ။

ဤပါဠိဖြင့် ထိုးထွင်း၍ သိအပ်သော တရားသဘောရှိ ကုန်သော။သေက္ခ အသေက္ခ ဖြစ်ကုန်သော အရိယာပုဂ္ဂိုလ် တို့၏ မွေ့လျော် စံပျော်ရာဖြစ်သောအတ္ထကြောင့်။ တည်ရာအာရုံပြုရာဖြစ်သော နတ်ပြည် ဗြဟ္မာပြည်နှင့် မပြိုင်သာ မနှိုင်းသာ ထင်လာ မြင်လာသော အဆန်းတကြယ်သော

နိဗ္ဗာန်ပြည်ကြီးကို။ နဂရမြို့ကြီးဟူ၍ဆိုသည်။ ဤနိဗ္ဗာန်ကို ပုရံဟူ၍ရင်း။နဂရံဟူ၍ရင်း။ဟောတော်မူအပ်သော ဘုရား ရဟန္တာတို့၏စကားသည်။ အုံ့ ဒြပ်မရှိသော။ဝဍ္ဎ၂ာပုတ္တော ခံပုပ္ဖ ပိလက္ခ ိတွာ၊ ဟူသောစကားကဲ့သို့ မမှတ်လင့်။ ။ ဝဍ္ဎ၂ာ ပုတ္တော၊ မိန်းမမြုံသားသည်။ ခံပုပ္ဖ ၊ ကောင်းကင် ပန်းကို။ ပိလက္ခ ိတွာ၊ ပန်၍။ ဤကားယောဇနာ။ ။မဂ် ဖိုလ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့်၊ ရှုမြင်အပ်သောနိဗ္ဗာန်သည် နတ်ပြည် ဗြဟ္မာပြည်၌ ဗိမာန် ဘုံနန်းကြီးကဲ့သို့၊ ထင်လာမြင် လာသော အခြင်းအရာသဒိ သဘောင်းကိုစွဲ၍။ ပုရံနဂရံဟု ဟောတော်မူသည်ဟုမှတ်။ ဣဒံ ပစ္ဆိမကံမယှ ၊ လောကနာ ထဿ ဒဿနံ၊ နပုနေ္နာအမတာကာရံ ပဿ ိဿာမိ မုခံတဝ ။ ။ဤကားမိဋ္ဌေးတော် ဂေါတမီ အပါဒါန်ပါဠိတော် ၁၁ ႏပေဋ္ဌိချပ်။

လောကနာထဿ၊ လူသုံးပါးတို့၏။ ကိုးကွယ်ရာဖြစ် တော်မူသော။ သားတော်သခင် ဘုရားရှင်အား။ မယှ ၊ မျိုးမြတ်သာကီ ဂေါတမီဟု၊ ကြူးချီသညာ၊ မယ်မယ်ငါ၏ ဣဒံဒဿနံ၊ ဤယခုဖူးမြင်ရခြင်းသည်။ ပစ္ဆိမကံ၊ အဆုံးစွန် သော ဖူးမြင်ရခြင်းတည်း။ မဟာမုနေ၊ဘုရားမြတ်။ပုနေ္နာ ပုန။တဖန်၊ အဟံ၊မယ်မယ် ငါသည်။ တဝ၊လူသုံးပါးတို့၏ ထိပ်တင် သားတော်ရှင်၏။ အမတာကာရံ၊အမြိုက်အခြင်း အရာရှိသော။ဝါ၊ မသေသောအခြင်းအရာ သဏ္ဌာန်ရှိသော မုခံ၊ သုံးဆဲ့နှစ်ဖြာ လက္ခဏာအလင်္ကာတို့ဖြင့် တံဆာဆင်

အပ် မြတ်သော မျက်နှာတော်ကို။ နပဿိဿာမိ၊ မဖူးမြင်ရတော့အံ့။ ။ဤကား၊ ဓမ္မန္ဒယ ဖယောဇနာ။

ဤပါဠိဖြင့်။ ပစ္စက္ခဘဝ၊ ဤကာလကိုသာ ရည်မှတ်၍ဆိုအပ်သည်၊ နိဗ္ဗာန်သို့ ကြွရောက်သောအခါကို ရည်မှတ်၍မဆိုအပ် ဤကာလမှတပါး နောက်တဖန် ဤပစ္စက္ခဘဝ၌မဖူးမြင်ရပြီ။ နိဗ္ဗာန်သို့ရောက်သောအခါမှသာ သုံးလူ့ထိပ်ထင် သားတော်ရှင်ကို ဖူးမြင်ရတော့မည်ဟု ဆိုလိုသည်။ ဤမှတပါး ဤကဲ့သို့သော အရာတို့၌လည်း ဤနည်းကိုမှီး၍သိ။ ။ထိုနိဗ္ဗာန်ပြည်ကြီးသို့ ကြွသွားတော်မူသော မြတ်စွာဘုရားကိုရင်း။ ရဟန္တာတို့ကိုရင်း။ သေသည်ဟူ၍မဆိုအပ်မဆိုထိုက်။ အကြောင်းမှာ ရဟတ္တမဂ် အရဟတ္တဖိုလ်တို့ဖြင့်သေခြင်း၏ အကြောင်းကို ကောင်းစွာမရှင်း အကြွင်းမဲ့ပယ်အပ်သည်၏ အဖြစ်ကြောင့်ရင်း။ ထိုဘုရားရဟန္တာတို့၏စုတိသောအခါ၌။ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြုသော။ မရဏာ သန္နဇော မရှိခြင်းကြောင့်ရင်း။ သေသည်ဟူ၍ မဆိုအပ်မဆိုထိုက်။ ရဟန္တာတို့မှာ ဝိပဿနာအာရုံစသည်ဖြင့် ထင်တိုင်းသော အာရုံကိုသာ အာရုံပြု၍ဇောဖြစ်သည်။ မရဏာသန္နဇောဟုမဆိုအပ် မရဏာသန္နဇောဟူသည် ကံ၊ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကိုအာရုံပြုမှ မရဏာသန္နဇောဟု ဆိုအပ်သည်။ ပုံကား ဘုရား၌ကဲ့သို့မှတ်။ ဘုရားရဟန္တာတို့၌မရဏာသန္နဇောဟုဆိုခြင်းသည်ရှင့်စကားမျှသာဖြစ်သည်။ အနုတ္တ

စကားမဟုတ်၊ သမုစ္ဆေဒမရဏအားဖြင့်သော ဘုရားရဟန္တာတို့မှာ ပဋိသန္ဓေနှင့်တူသောအာရုံရှိသည်ဖြစ်၍ စုတိစိတ်ဖြစ်သည်။ သမုစ္ဆေဒမရဏဟူသည် သေခြင်းကိုအကြွင်းမဲ့ပါယ်ဖြတ်ခြင်းကိုဆိုသည်။ သမုစ္ဆေဒမရဏ ဟူသောပုဒ်ကို၊ မရဏသင်္ခါသမုစ္ဆေဒံ၊ သမုစ္ဆေဒမရဏံဟု ဝစနတ်ပြု။ မရဏသင်္ခါ၊ သေခြင်းကို။ သမုစ္ဆေဒံ၊ အကြွင်းမဲ့ ပါယ်ဖြတ်ခြင်း။ သမုစ္ဆေဒမရဏံ၊ သေခြင်းကို အကြွင်းမဲ့ ပါယ်ဖြတ်ခြင်း။ စုတိစိတ်ကိုရစေ၊ မြတ်စွာဘုရားသည် အနုလောမ ပဋိလောမအားဖြင့် ကုဋေနှစ်ဆဲ့လေးသိန်းကုန်သော ဈာန်သမာပါတ်တို့ကိုဝင်စား၍ စတုတ္ထဈာန်မှထ၍ ဈာနင်တို့နှင့်တကွ နိဗ္ဗာန်ကို တပေါင်းတည်း အာရုံပြုဆင်ခြင်၍ ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူသည်။ ။စတုတ္ထဈာနာ၊ ဝုဋ္ဌဟိတွာ၊ သမနန္တရာဘဂဝါ၊ ပရိနိဗ္ဗာယိ။ ။ဤကား သုတ်မဟာဝါ ပါဠိတော်။ ၎င်း ပေဒုချပ်။ ။စတုတ္ထ ဈာနာ၊ စတုတ္ထဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ သမနန္တရာ၊ ထသည်၏အခြားမဲ့၌။ဈာနင်္ဂါနိစ၊ ဈာနင်တို့ကိုရင်း။ သန္တိံစ၊ နိဗ္ဗာန်ကိုရင်း။ဧကတော၊တပေါင်းတည်း။အရမ္မ၊ အာရုံအားဖြင့်စွဲမှတ်ဆောက်တည်ရည်မှတ်၍။ဘဂဝါ၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာယိ၊ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဤအရာ၌မြတ်စွာဘုရားသည်။တပါးသောပစ္စေကဗုဒ္ဓါသာဝကတို့နှင့်မတူဈာနင်နှင့်တကွနိဗ္ဗာန်ကိုတပေါင်းတည်းအာရုံပြုနိုင်ခြင်းသည် ဘုရား၏ အစိန္တေယျ ဂုဏ်တမျိုးပင်ဖြစ်သည်။ ဤကားဆိုလတ္တံ့

သော အဋ္ဌကထာပါဠိတို့နှင့်အညီ ယောဇနာအပ်သည်။ ဤ ယောဇနာဝယ် ဈာနင်တို့နှင့်တကွ နိဗ္ဗာန်ကိုတပေါင်းတည်း အာရုံပြုသည်ဟူရာ၌။ ဈာနင်္ဂါနိ ပစ္စဝေက္ခိတွာ ဟူ၍လာသော အဋ္ဌကထာပါဠိ။ အနေဇော တိ၊ တဏှာသင်္ခါတာယ၊ ဧဇာ ယအဘာဝေန၊ အနေဇော၊ သန္တိမာရုဗ္ဘာတိ၊ အနုပါဒိ သေသံနိဗ္ဗာနံ၊ အာရဗ္ဘပဋိစ္စသန္ဓာယ၊ ယံကာလမကာရိတိ၊ ယံ ကာလံအကရိ ဣဒံဝုတ္တံ ဟောတိဟူ၍ အနုရုဒ္ဓါထေရဂါထာ အဖွင့် ဖြိုးပေ ပေါ်ချပ်၌ လာသော သုတ်မဟာဝါ အဋ္ဌ ကထာပါဠိ။ ဤပါဠိ တို့ကို ထော်၍ငြိုး။ ။ကရုဏာ ဝိယသတ္တေသု၊ ပညာယယသမ္မ ဟောသိနော၊ သဗ္ဗေသု ဉေ ယျ ဓမ္မေသု၊ ယထာရုစိပဝတ္တိတ္တ ဟူ၍လာသော အဋ္ဌသာ လိနီ ပဏာမဋ္ဌါကို ထော်၍ငြိုး။ ရှေးသုတ်မဟာဝါ ပါဠိတော်၌ ဈာန်အင်္ဂါနှင့်တကွ နိဗ္ဗာန်ကိုတပေါင်းတည်း အာရုံပြုသည်ဟု အနှယောဇနာခဲ့သတည်း။

ဈာနင်္ဂါနိ၊ ဈာနင်တို့ကို။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ အနေဇောတိ၊ ဟူသည်ကား။ တဏှာသင်္ခါတာယ၊ တဏှာ ဟုဆိုအပ်သော။ ဧဇာယ၊ လောဘ၏။ အဘာဝေန၊ မရှိ သောကြောင့်။ အနေဇော၊ တဏှာ လောဘ မရှိသော။ သောမုနိ၊ ထိုမြတ်စွာဘုရားသည်။ သန္တိမာရဗ္ဘာတိ။ ဟူသည် ကား အနုပါဒိသေသံ၊ ကမ္မဇရုပ်အကြွင်းမရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပဋိစ္စ၊ စွဲ၍။ သန္ဓာယ၊

ရည်၍။ယံကာလမကရိတိ ဟူသည်ကား။ ယံကာလံ၊အကြွင်
စုတိစိတ်ကို။ အကရိ၊ ပြုတော်မူ၏။ ဣနံဧဝ အမိပ္ပါ
ယော၊ ဤသို့သော အဓိပ္ပါယ်ကို။ ဝုတ္တံ ဝုမှတ္တာ၊ ဆိုလို
သည်။ ဟောတိ၊ ဖြစ်၏။ ဤကား ယောဇနာ။ ။ယသာ
မဟေသီနော၊ အကြွင်မြတ်စွာဘုရား၏။ ကရုဏာ၊ မဟာ
ကရုဏာတော်သည်။သဗ္ဗေသု၊သုခိတ ဒုက္ခိတ သတ္တဝါတို့၌
ယထာရုစိ၊ အစိတ်အပေါင်းအားဖြင့်။ အလိုတော်ရှိတိုင်း။
ဝါ၊အလိုတော်အားလျော်စွာ။ ဝါ၊အလိုတော်ကိုမလွန်မူ၍
ပဝတ္တိတ္ထဝိယ၊ ဖြစ်လေ၏သို့။ ပညာပိ၊ သဗ္ဗညုတ ဉာဏ်
တော်သည်လည်း၊ သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ ဉေယျ
ဓမ္မေသု၊ သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန် ပညတ်ဟု ဆို
အပ်ကုန်သော။ ဉေယျဓံတရားငါးပါးတို့၌။ ယထာရုစိ၊
အစိတ်အပေါင်းအားဖြင့်။ အလိုတော်ရှိတိုင်း။ ဝါ၊ အလို
တော်အားလျော်စွာ။ဝါ၊အလိုတော်ကိုမလွန်မူ၍။ပဝတ္တိတ္ထ၊
ဖြစ်တော်မူလေပြီ။ ။ဤကား ယောဇနာ။ ပဋိသန္ဓိဘဝင်္ဂ
တထာဝစနမာနသံ၊ ဧကမေဝ တထေဝေကာ၊ ဝိသယဥ္စေက
ဇာတိယံ။ ။ဤကား အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာပါဠ်။
ဧကဇာတိယံ၊တစ်ခုတည်းသောဘဝ၌။ပဋိသန္ဓိစ၊ပဋိသန္ဓေ
စိတ်သည်၎င်း။ ဘဝင်္ဂဉ္စ၊ ဘဝင်စိတ်သည်၎င်း။ တထာ၊ ထို
အတူ။ စဝနမာနသဉ္စ၊ စုတိစိတ်သည်၎င်း။ ဧကမေဝ၊ ဘုမ္မိ
ဇာတိ သမ္ပယုတ္တ ဓမ္မသင်္ခါရ အားဖြင့် တူသည်သာလျှင်။
ဟောတိ၊ ဖြစ်၏။ တထေဝ၊ ထိုအတူသာလျှင်။ ဧကဝိသယဉ္စ၊

တွေ့သောအာရုံရှိသည်လည်း။ဟောတိ၊ ဖြစ်၏။ ။ဤကား ယောဇနာ။

ဤပါဠိကိုထောက်၍၊ ဘုရားရဟန္တာတို့၏ စုတိစိတ်သည် တစ်ခုတည်းသော ဘဝ၌ ပဋိသန္ဓေနှင့်တူသော အာရုံကို သာလျှင် အာရုံပြုသည်ဟုဆိုအပ်သည်။ထိုနိဗ္ဗာန်၌ တည်နေသော နိဗ္ဗာန်သာခင် ဘုရားရှင်ကိုလည်း ဖြည့်ကျင့်တော် မူအပ်သော ပါရမီတော်တို့၏၎င်း။ ပစ္ဆိမဘဝဤအခါ၌ရသိ တော်မူအပ်သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တို့၏၎င်း။အာနိသံသဖလဖြစ်သော။ ကံစသော အကြောင်းတရား လေးပါးတို့၏ပြုပြင်စီရင်ခြင်းမှကင်းသော။ အမတ နာမ်ဝိသေသ၊ ရုပ်ဝိသေသ အထူးဟူမှတ်အပ်၏။ ကျမ်းဂန်တို့၌ကား။ နာမ်ဝိသေသ၊ ရုပ်ဝိသေသဟု နိတတ္ထတိုက်ရိုက် အားဖြင့် အထူးမဆို၊ မဆိုသော်လည်း။ ဤသို့သော နာမ်ဝိသေသ၊ ရုပ်ဝိသေသ အထူးကိုယူမှ။ ဥစ္ဆေဒဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ သဿတ ဒိဋ္ဌိတို့မှ ကင်းလွတ်မည်။ ကင်းလွတ်ဟံကား ဤအရာ၌ နိဗ္ဗာန်လည်း မရှိ၊ ဘုရားလည်းမရှိဟုဆိုသော်။ ဥစ္ဆေဒဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိသို့ သက်ဝင်ရာသည်။ လောက၌ထင်ရှားရှိသောဘုရားပင် နိဗ္ဗာန်၌ဖြစ်၏ဟုဆိုသော်၊ သဿတဒိဋ္ဌိသို့ သက်ဝင်ရာသည်။ လောက၌ဘုရားမရှိ၊ နိဗ္ဗာန်၌သာ ဌာဝရဘုရားတဆူတည်း အမြဲရှိသည်ဟုယူသော်။ အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိသို့သက်ဝင်ရာသည်။ ဤဒိဋ္ဌိတို့မှကင်းလျှင် အမတ နာမ်ဝိသေသ, ရုပ်

ဝိသေသ အထူးအံ့ထွက်၏ဟူ၍မှတ်။ ။ဤကား သဘာဝ ယုတ္တိတည်း။ အရိယာပုဂ္ဂလာနံ၊ ပတိဋ္ဌာနဂေါစရ၊ နိဝါသ နဋ္ဌာနဋ္ဌာနဟူသော ပါဠိကို ထောသဖြင့်လည်း။ အဝိနာ ဘာဝနည်းအားဖြင့် နိဗ္ဗာန်တည်းဟူသောဌာနနှင့် ဘုရား တည်းဟူသော ဌာနီသည် မကင်းရာ မကင်းထိုက် သော ကြောင့်။ နိဗ္ဗာန်သခင် ဘုရားရှင်ကိုလည်း နာမ်ဝိသေသ, ရုပ်ဝိသေသဌာနီဟု သိအပ်၏။ ။ဤကား အာဂမ ယုတ္တိ တည်း။ ။ဤနာမ်ဝိသေသ, ရုပ်ဝိသေသ၏ အဖြစ်သည်။ ဆိုလတန့်သော တိလောက စကြာမင်း၏ အပါဒါန် ပါဠိ အဋ္ဌကထာတို့ဖြင့်လည်း ထင်ရှားလတ္တံ့။ အမတနာမ်ဝိသေ သ, ရုပ်ဝိသေသအထူးဖြစ်၏ဟုဆိုရာ၌။ စိတ္တ, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူ၍သာလျှင် ပရမတ္ထတရား လေးပါးသာ ကျမ်းဂန်၌ ဆိုသည်။ ငါးပါးဟူ၍ မဆို။ ထိုဘုရားသည် နိဗ္ဗာန်၌ အမတနာမ်ဝိသေသ, ရုပ်ဝိသေသဟုဆိုသော် ပရ မတ္ထတရား ငါးပါးဖြစ်ရာသည် မဟုတ်လောဟုဆိုငြားအံ့။ ငါးပါးမဟုတ် နိဗ္ဗာန်၌ဘုရားကိုရေတွက်၍ လေးပါးပင် ဟုဆိုအပ်၏။ ပုံကား ကမ္ဘာဦး ကာလ၌ နေ-လတို့ ပေါ် လာသောအခါ နတ်သားနှင့်တကွ ပေါ်လာသည်။ ထိုသို့ နတ်သားနှင့်တကွပေါ်လာသော်လည်း နတ်သားကိုအသီး အခြားမရေတွက်မူ၍ နေဗိမာန်, လဗိမာန်၌သွင်း၍ နေ ဗိမာန်, လဗိမာန် ပေါ်လာသည်ဟု ခေါ်ဝေါ်သခဲ့သို့။ နိဗ္ဗာန်သို့ရောက်သော နာမ်ဝိသေသ,ရုပ်ဝိသေသဖြစ်သော

ဘုရားကိုလည်း ပဋိသန္ဓေနေခြင်းစသည် မရှိသောကြောင့် နိဗ္ဗာန်၌သွင်း၍ နိဗ္ဗာန်ဟု ခေါ်သည်။ ဘုရားပြေခံတော့ သည်သာဟု မမှတ်လင့်။ ရာဇာအာဂန္တုတိကဲ့သို့ ပဌာနျ်း အဝုတ္တာသိဒ္ဓိနည်းဟုမှတ်။ နိဗ္ဗာန်လည်း မပြေခံ၊ ဘုရား လည်းမပြေခံ၊ အမြဲပင်ရှိ၏ဟူ မှတ်လေ။ ထိုဘုရားကို အ ရူပဘုံသားတို့ကဲ့သို့ ရုပ်မရှိ၊နာမ်ချည်းသာရှိ၏ ဟူ၍လည်း မမှတ်အပ်။အသညသတ်ဘုံသားတို့ကဲ့သို့ နာမ်မရှိ၊ရုပ်ချည်း သာရှိ၏ဟူ၍လည်း မမှတ်အပ်။ ထိုနိဗ္ဗာန်သို့ ရောက်သော ဘုရားသည် အလိုတော်ရှိတိုင်း ဖြစ်စေနိုင်၏ဟုမှတ်။ ယင်း သို့ အလိုတော်ရှိတိုင်းဖြစ်စေနိုင်ခြင်းသည် ဘုရား၏အစိန္တေ ယျဂုဏ်တမျိုးပင်ဖြစ်၏။ နိဗ္ဗာန်၏ အစိန္တေယျဂုဏ် ဟူရာ၌။ ရှင်ပါကူလ၏ ငါးကြီးဝမ်းမှ မသေမကျေ ပေါ်လာရာ၌ ၎င်း။ သံကိစ္စသာမဏေ၊ ရှင်ဒဗ္ဗတို့၏ အမိငှသ၍ သင်္ဂြိုဟ် သောအခါ မီးပုံထဲ၌ အမိဝမ်းမှမသေမကျေ ပေါ်လာရာ ၌၎င်း။ ထိုဘဝ၌ဖြစ်လတ္တံ့သောအရဟတ္တမဂ်၊အရဟတ္တဖိုလ် နိဗ္ဗာန်တို့၏ အစိန္တေယျဂုဏ်အာနုဘောဝ်ဟုမှတ်။ နိဗ္ဗာန်၏ ဂုဏ်ကိုမဆိုထားဘိ ပဒိယတ္တိသည်လည်း အစိန္တေယျဂုဏ်ရှိ သည်။ ရှိကြောင်းကား သဘော်သူကြီး တယောက်သည် ကေသာ့လောမာစသော ဒွတ္တိံသာကမ္မဋ္ဌာန်းကို နေ့တိုင်း မပြတ်သင်အံရွတ်ဖတ်သရဇ္ဈာယ်သည်။ထိုသဘော်သူကြီးကို ခိုးသားတို့က သဘော်ထက်သို့တက်၍ သတ်အံ့ဟု၊ တက်အံ့ သောနေရာကိုရှာသည်ရှိသော်၊ သဘော်တစင်းလုံး၌ သံ

ကွန်ချာအုပ်၍ထားသကဲ့သို့ထင်သည်။ ယင်းသို့ထင်ခြင်းကိုငါး။ မုဒ်ဆိုး တယော်သည် သားအမဲကို ဆောင်၍ ရွာ၌ရောင်းချသောအခါ၊ ရွာသားတို့သည် ဗုဒ္ဓံသရဏံဂစ္ဆာမိစသည်ဖြင့် သရဏဂုဏ်ရွတ်သံကိုငါး ကြားနာရ၍ တရံရောအခါ တောအရပ်တွင် တခုသောချုံအတွင်း၌ သားအမဲကိုဖြစ်အံ့ဟု မျှားကိုင်သည်ရှိသော် ချုံအထက်၌ နေသောနဂါး၏ဗိုက်ကိုထိုးမိသဖြင့် နဂါးကဒေါသဖြစ်၍မုဒ်ဆိုးကိုပေါက်သတ်အံ့သောအခြင်းအရာကိုပြုသည်ရှိသော် မုဒ်ဆိုးက အလန့်တကြား ရွာသူတို့ရွတ်သံ ကြားဘူးသော ဗုဒ္ဓံသရဏံဂစ္ဆာမိကိုရွတ်မိ၍နဂါးကဤသူကားရတနာသုံးပါးကိုဆည်းကပ်သောသူတည်းဟု ထိတ်လန့်ကြည်ညို၍ ရတနာပန်းသုံးခိုင်ဖြင့် ပူဇော်သည်ကိုငါး။ လည်းအော်၌ အိပ်ပျော်နေသောသူငယ်ကို စားအံ့ဟုဘီလူးတယောက်က ခြေထောက်ကို ဆွဲသည်ရှိသော် နမောဗုဒ္ဓဿဟု သူငယ်ကယောင်ယန်း၍ ရွတ်သောကြောင့် ဘီလူးသည် ထိတ်လန့်၍ထိုသူငယ်အားသာဝတ္ထိပြည် ပသေနဒီကောသလမင်းကြီး၏ စားအံ့ဟု ဖြူပြင်စီရင်ထားသော ရွှေခွက်နှင့်ထမင်းကိုဆောင်ယူ၍ သူငယ်၏အနီးအပါး၌ ချထားခဲ့သည်ကိုငါး။ ဘီကျွန်မတို့ မွေးထားသောဗုဒ္ဓရက္ခိတမည်သောကျေးငယ်တကောင်ကိုစွန်ချီ၍သွားသော် ထိုကျေးသူငယ်က ရှင်မတို့ကယ်ပါယူပါဟု ဟစ်အော်လေ၏။ ငါတို့မကယ်နိုင်ပြီ ငါတို့သင်ထားသော အဋ္ဌိကမ္မဋ္ဌာန်းကိုသာရွတ်ပါဟုဆိုသည်

ဖြစ်၍ကျေးသူငယ်ကသတိရ၍အင်္ဂါ, အင်္ဂါဟုရွတ်သည်ရှိသော် သိန်းစွန်သည် နှစ်လုံးတုံ့လွှတ်သည်ဖြစ်၍လွှတ်သောကြောင့် ချမ်းသာရသည့်ကိုရှိုး။ ပရိယတ္တိဓမ္မ၏ အစိန္တေယျဂုဏ်ဟု မှတ်။ မြတ်စွာဘုရားသည်လောက၌ ဖြစ်စဉ် ကာလကပင် ရူပရူပ ဝိလာသ ရူပအစိန္တေယျ၊ ဉာဏဉာဏ ဝိလာသ ဉာဏ အစိန္တေယျ၊ ဣဒ္ဓိဣဒ္ဓိဝိလာသ ဣဒ္ဓိအစိန္တေယျ ဝစန ဝစန ဝိလာသ ဝစနအစိန္တေယျ အားဖြင့် အစိန္တေယျဂုဏ် လေး ပါးရှိသည်။ နိဗ္ဗာန်သို့ ရောက်သော အခါကား အတိုင်း ထက်အလွန်ပင် ဂုဏ်ရှိ၏ဟုမှတ်။ ဤဂုဏ် လေးပါးသည် လည်း ဆိုလတ္တံ့သော စကြာမင်း အပဒါန်၌ ထင်ရှား လတ္တံ့။ ထိုနိဗ္ဗာန်သခင်ဘုရားရှင်၌ ဂုဏ်မရှိဟုဆိုခဲ့သော်။ နိဗ္ဗာန်သို့ ကြွရောက်တော်မူသော ဘုရားအား ကိုးကွယ်မှီဝဲ ဆည်းကပ်ကြသောသူတို့အား သရဏဂုဏ် မတည်ရာ။ ဧဝံ အစိန္တိယာဗုဒ္ဓါဟု ဟောတော်မူအပ်သော ဒေသနာတော် သည်လည်း။ နိရတ္ထက ဖြစ်ခဲ့ရာ၏။ နိရတ္ထက ဖြစ်ခဲ့သော် နိဗ္ဗာန်သို့ကြွတော်မူသော ဘုရားအား ကိုးကွယ်မှီဝဲ ဆည်း ကပ်ကြသော သူတို့အား။ အစိန္တိတအကျိုးအဘယ်သို့ ဖြစ် တော့အံ့နည်းဟု မိစ္ဆာဉာဏ် ဖြစ်ရန်ရှိသည်။ အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိန္တိယော။ ဟု ဟော တော်မူသော စကားတော်သည်လည်း နိရတ္ထက ဒေါသ ဖြစ်ခဲ့ရာ၏။ ထိုနိဗ္ဗာန်သခင် အရှင်ဖြစ်သော ဘုရားကို။ အမတနာမ် ဝိသေသ ရုပ်ဝိသေသရှိ၍ ပုထုဇဉ်တို့သည်။

မမြင်နိုင် အရိယာပုဂ္ဂိုလ်တို့ သည်သာလျှင် မြင်အပ် မြင်ထိုက် မြင်နိုင်သည်။ ပုံကား လူတို့၏အနီးအပါး၌နေကုန်သော ဘုမ္မစိုး ရုက္ခစိုးစသော နတ်တို့၏ ကိုယ်သဏ္ဍာန်ကိုနှင့်။ ဘုံဗိမာန်ကိုလည်း။ မပြမဖန်တည်းဘဲ မမြင်မသိနိုင်။ပြဖန်တည်းမှ မြင်ရသိရဘိသခဲ့သို့နိဗ္ဗာန်သခင်ဘုရားရှင်ကိုလည်း ဘုန်းကံရှိသောသူတို့က မြင်လိုသိလိုသည်ဟုတောင့်တမှ ဖန်တည်း၍ပြသဖြင့် မြင်ရသိရသည်။မြင်ရသိရကြောင်းကို။အတီတေသမ္ဗုဒ္ဓေစ သသံဃေ လောကနာယကေ၊ပကတိဝဏ္ဏရူပေန၊ နိမ္မိနိတွာ သသာဝကေ တေနဒ္ဒါရေန ပဝိသိတွာ၊ သမ္ဗုဒ္ဓါသသာဝကာ၊သဗ္ဗသောဏ္ဏမယေ ဝိဌေ၊နိသိန္နာ အရိယမဏ္ဍလာဟူသော အပါဒါနိပါဠိတော် ခံ်းပေ၊ကာချုပ်၌လာသော ပါဠိကိုထောက်၍ သိအပ်၏။ ။အတီတေ အတိတ်ကာလ၌။ဇာတော၊ပွင့်တော်မူကုန်ပြီးသော။ သသံဃေ၊ သာဝက အပေါင်းနှင့်တကွကုန်သော။လောကနာယကေ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူကုန်သော။သမ္ဗုဒ္ဓေစ၊အလုံးစုံသောဘုရားတို့ကိုလည်း။ဘိလောကသား၊ တိလောကစကြာမင်း၏။ မနောပဏီဓိယာ၊ မနောပဏီဓိဖြင့်။ဟာနိ့တတ္တာ၊ပင့်ဆောင်အပ်ကုန်သည်၏ အဖြစ်ကြောင့်။ ပကတိဝဏ္ဏရူပေန၊ သဘောအားဖြင့်မရှေ့၊ ပြကတော့ အမှန်မဖေါက်ပြန်သော အဆင်းရှိသော သဏ္ဍာန်ဖြင့်။ သသာဝကေ။ သာဝက မစွေက ဗုဒ္ဓါနှင့် တကွကုန်သော ဗုဒ္ဓေစ မစွေကဗုဒ္ဓါ တို့ကိုလည်း။ ပကတိ ဝဏ္ဏရူပေန သဘော

အားဖြင့်မရှေ့ ပြကတေ့ အမှန် မဖေါက်ပြန်သောအဆင်း ရှိသော သဏ္ဌာန်ဖြင့်။ ယေဝဗုဒ္ဓါ၊ အကြင် သမ္မာ သမ္ဗုဒ္ဓါမည်ရထင်ရှား မြတ်ဘုရားတို့သည်ဋ္ဌီး။ ယေစဗုဒ္ဓါ၊ အကြင် ပစ္စေကဗုဒ္ဓါတို့သည်ဋ္ဌး။ ယထာရဟံ၊ ထိုက်သည် အားလျော်စွာ။ နိမ္မိနိတွာ၊ ဖန်တည်း၍။ ယေနဒ္ဓါရေန၊ အကြင်တံခါးဖြင့်။ပါသာဒေါ၊ပြာသာဒ်သို့။ ပဝိသိတဗ္ဗော ဝင်အပ်၏။တေနဒ္ဓါရေန၊ထိုတံခါးဖြင့်။ပဝိသိတွာ၊ ဝင်ကုန် ၍။ အဒိယမင်္ဂလာ၊ အရိယာအပေါင်း ဖြစ်ကုန်သော။ သသာဝကာ၊ ပစ္စေကဗုဒ္ဓါသာဝကနှင့်တကွ ဖြစ်ကုန်သော။ သဗ္ဗေ ခပ်သိမ်းကုန်သော။ တေဗုဒ္ဓါ၊ ထိုသမ္မာသမ္ဗုဒ္ဓါဘုရား ပစ္စေကဗုဒ္ဓါဘုရားတို့သည်။ သဗ္ဗသောဏ္ဏမယေ၊ အလုံးစုံ ရွှေဖြင့်ပြီးသော။ ပီဌေ၊ အင်းပျဉ်၌။နိသိန္နာ၊နေကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ ။ဤကား ပါဠိသေသနှင့် တကွ ယောဇနာ။အဓိပ္ပါယ်ကား၊ ရှင်မဟာအာနန္ဒာက ဘုရားရှင် ၏ ပါရမီဖြည့်သော အခြင်းအရာကို တောင်းပန်လျှောက် ထားသည်ရှိသော်။ အာနန္ဒာ ငါဘုရားသည်။ တိလောက စကြာမင်းဖြစ်စဉ်ကာလက။ လွန်လေပြီးသော ဘုရားပစ္စေ က ဗုဒ္ဓါတို့ကို ဖူးမြော်လိုသည် ဖြစ်၍။ မနောပဏိဓိဖြင့် ထိုဘုရားပစ္စေက ဗုဒ္ဓါတို့၏ မွေ့လျော် စံပျော်ရာဖြစ်သော နိမ္မာန်ပြည်ကြီးသည်။ ဤသို့ ဤသို့ သဘောရှိတံရာ၏ဟု အနုမာနဖြင့်သိမြင်၍ နိမ္မာန်နှင့်တူသော အထူးထူးအသွယ် သွယ် ဆန်းကျယ်လှစွာရတနာ၇ပါးလိုက်အထွေထွေ ရွှေအင်း

ပျဉ်အဆန်းဆန်း အံ့မခန်းအောင် နန်းဆောင်အသီးသီးနှင့် တကွနေ-လ နက္ခတ်တို့၏ အနီးသို့ရောက်အောင်မြင့်စေ၍ နေ လနက္ခတ်တို့၏ အရောင် ဖြောင်ဖြောင် တောက်လောင် ခြင်းနှင့်တကွ နိဗ္ဗာန်ဘုံနန်းနှင့်တူသော ဝေဇယန္တာ နန်း ပြာသာဒ်ကြီးကို ပြီးစေပြီးလျှင်။ ဘုရားပစ္စေက ဗုဒ္ဓါရဟန္တာ တို့ကို တောင့်တသည်ရှိသော်။နိဗ္ဗာန်စံလွန်တော်မူပြီးသော ဘုရားပစ္စေက ဗုဒ္ဓါတို့သည်။ နိမ္မိတပုံ၊ ဘုရားပစ္စေကဗုဒ္ဓါ တို့ကို ဖန်တည်း၍ ကြွလာကြပြီးလျှင်။မုဋ္ဌတံခါး အသီးသီး မှဝင်၍ဂူလိုဏ်အချက် ရွှေအင်းပျဉ်ထက်၌ ထက်ဝယ်ဖွဲ့ ခွေ စမ္ပါယ်နေကြကုန်၏ ဟူသော ပိဋကတ်အဓိပ္ပါယ်။ ။ဤ ပိဋကတ်၌၊ ဝေဇယန္တာဘုံနန်း အဆန်းဆန်း အကျယ်ကျယ် မနော ပဏီဓိဖြင့် ပြီးစေခြင်းသည်။ နိဗ္ဗာန်ဘုံနန်းကို ရည် သန်၍ ပြီးစေသည်ဟု မှတ်ယူရန်ရှိသည်။ အကြောင်းမှာ ထိုစကြာမင်း မျက်မှောက်လောက၌ ပစ္စေကဗုဒ္ဓါတို့သည်။ ထင်ရှား ရှိကုန်သည်ဖြစ်၍။ ထိုပစ္စေက ဗုဒ္ဓါတို့က နိဗ္ဗာန် ဘုံဗိမာန်၏ ပုံသဏ္ဌာန် အခြင်းအရာ ဖြစ်ဟန် ဟောကြား သံကိုကြားနာရဘူးသတတ်။ ။ဤယောဇနာန်း၌၊နိမ္မိနိတွာ ၏ ကတ္တားကို ဘုရားနှင့်တကွ ပစ္စေကဗုဒ္ဓါတို့ကို။ ပါဌ်သေ သထည့်၍ ယောဇနာခြင်းသည်။အဋ္ဌကထာကိုထောက်၍ယောဇနာ အပ်သည်။ ထောက်ဟန်ကား။ ။ ပုနတေသမ္ဗေ ကေတော ဒသနန္တာဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ တိ အာဒိမာဟ တတ္ထဗုဒ္ဓါ သမ္မာ သမ္ဗုဒ္ဓါ စ ပစ္စေကဗုဒ္ဓါ စ သာဝကာ စ သီဿာပရိစာရကာ

နိဿိတကာ ဧတေသမ္ဗွေသကာယ သကာယ ရတိယာယ မမနာသလ္လိနာ မမပါသာဒေ အဘိရမန္တိတိအတ္ထော။ ဤကား အပါဒါန် အဋ္ဌကထာပါဠိ ဝင်းပေ ချေပ်။ ။ပုန၊ တဗန်။ဧတေသမ္ဗွေ၊ ထိုအလုံးစုံကုန်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာ ပုဂ္ဂိုလ်တို့ကို။ ဧကတော၊ တပေါင်းတည်း။ ဒဿန္တော၊ ပြတော်မူလိုသည်ဖြစ်၍။ ဗုဒ္ဓါပစ္စေက ဗုဒ္ဓါတိ အာဒိံ၊ ဗုဒ္ဓါပစ္စေကဗုဒ္ဓါ ဤသို့အစရှိသော စကားကို။ အာဟ၊မိန့်ပြီ။ တတ္ထ၊ ထိုပါဌ်၌။ဗုဒ္ဓါသမ္မာသမ္ဗုဒ္ဓါ၊စ၊သမ္မာသမ္ဗုဒ္ဓ အမည်ရသော ဘုရားရှင်တို့သည်၎င်း။ ပစ္စေကဗုဒ္ဓါစ ပစ္စေကဗုဒ္ဓါတို့သည်၎င်း။ သိဿာပရိစာရကာ နိဿိတကာ၊ တပည့်အခြံအရံ ဖြစ်ကုန်သော။ သာဝကာစ သာဝကတို့သည်၎င်း။ ဧတေသမ္ဗွေ၊ ထိုအလုံးစုံတို့သည်။ သကာယ သကာယ။ မိမိ-မိမိတို့နှင့် ထိုက်တံကုန်သော။ ရတိယာယ မွေ့လျော် ပျော်ပါးဘွယ်ရှိသော။မမနာသလ္လိနာ၊ ငါဖြင့် တည်းအပ်သော။ မမပါသာဒေ၊ ငါ၏ပြာသဒ်၌။ အဘိရမန္တိ မွေ့လျော်ကြကုန်၏။ ဣတိအယံ၊ ဤသည်ကား။အတ္ထော၊ အနက်တည်း။ ဤကား ယောဇနာ။

ဤအဋ္ဌကထာပါဠိ၌ ဗုဒ္ဓါသမ္မာသမ္ဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါ ဟူသော ပုဒ်တို့ကိုထော်၍၎င်း။ ဗုဒ္ဓါပိဗုဒ္ဓေပုစ္ဆန္တိ၊ ဝိသယံသဗ္ဗညုမာလယံ၊ ဂမ္ဘီရံနိပုဏံဋ္ဌာနံ ပညာယ ဝိနိဗုဇ္ဈရေ။ ။ဤကား အပါဒါန် ပါဠိတော် ဝင်းပေကာချပ်။

ဗုဒ္ဓါပိ၊ပစ္စေကဗုဒ္ဓါတို့သည်လည်း။ ဗုဒ္ဓေ၊ပစ္စေကဗုဒ္ဓါတို့ကို၊ ဝိသယံသဗ္ဗညုမှာလလံ၊သဗ္ဗညုတဉာဏ်၏အရာဖြစ်သော ပဉှံ၊ပြဿနာကို။ ပုစ္ဆန္တိ၊မေးကုန်၏။ ဂမ္ဘီရံ၊ အသိဉာဏ်၏ နက်နဲခြင်း။ အံ့၏ နက်နဲခြင်းဟု ဆိုအပ်သော။ နိပုဏံ၊ သိမ်မွေ့နူးညံ့သော။ဌာနံ၊အကြောင်းကို။ ပညာယ၊ ပညာဖြင့်။တေ၊ထိုဘုရားတို့သည်။ဝိနိဗုဇ္ဈရေ ဝိနိပုဇ္ဈန္တိ၊ သိတော်မူကုန်၏။ ။ဤကား ယောဇနာ။

ဗုဒ္ဓါပိ၌၊ ပိသဒ္ဒါကား သမုစ္စယတ္ထ၊ ဘုရားကိုလည်း ဆည်း။ အမိပ္ပါယ်ကား၊ ဘုရားတို့သည်လည်း၊ ဘုရားတို့ကို သဗ္ဗညုတ ဉာဏ်၏အာရုံဖြစ်သော။အသိဉာဏ်၏ နက်နဲခြင်း အံ့၏နက်နဲခြင်း သိမ်မွေ့နူးညံ့သော ပြဿနာကို မေးကုန် ၏ဟူလို။သဗ္ဗညုတဉာဏဿဝိသယံ အာရမ္မဏဘူတံပဉှံ ဗုဒ္ဓါ ဗုဒ္ဓေပုစ္ဆန္တီတိအဓိပ္ပါယော။ ဤကား အပါဒါန် အဋ္ဌတ္ထာပါဌ် ဝင်းပေ ချေပ်။

သဗ္ဗညုတဉာဏဿ သဗ္ဗညုတဉာဏ်၏။ဝိသယံအာရမ္မဏ ဘူတံ၊ အာရုံဖြစ်၍ ဖြစ်သော။ ပဉှံ၊ ပြဿနာကို။ ဗုဒ္ဓါ၊ ဘုရားတို့သည်။ ဗုဒ္ဓေ၊ ဘုရားတို့ကို။ ပုစ္ဆန္တိ၊ မေးကုန်၏။ ဣတိအယံ၊ ဤသည်ကား။ အဓေ္တာ၊ အံ့တည်း။ ။ဤ ကား ယောဇနာ။

ဤအဋ္ဌကထာ၌ သဗ္ဗညုတ ဉာဏဿဝိသယံ အာရမ္မဏဘူတံ၊ ဟုဆိုသော်လည်း။ ပစ္စေကဗုဒ္ဓါတို့၌။ ဂမ္ဘီရ နိပုဏ ဖြစ်သော။ သဗ္ဗညုတဉာဏ်၏ အာရုံကိုမယူလင့်။ မနက်မတ်မ် မသိမ်မွေ့ လွန်းသော အာရုံပြဿနာကိုသာယူ။အကြောင်းမှာ ပစ္စေကဗုဒ္ဓါတို့၏ သဗ္ဗညုတဉာဏ်နှင့် မဆက်ဆံသည်၏ အဖြစ်ကြောင့်တည်း။ နိမ္မိတပွါးကို ဖန်တည်း၏ ဟူရာ၌လည်း။ ဆအာသာဓါရဏဉာဏ် ခြောက်ပါးရှိသော စိတ်သဏ္ဌာန်နှင့်တကွ ဘုရားရုပ်ပွါး သဏ္ဌာန်ကို ဖန်တည်းသည်ဟု မယူလင့်။ အကြောင်းမှာ ထိုဉာဏ် ခြောက်ပါးသည်။ ပစ္စေကဗုဒ္ဓါတို့နှင့် မဆက်ဆံခြင်းကြောင့်တည်း။ ပုံကား မာရ်နတ်မင်း နဂါးမင်းတို့သည်။ ဖန်တည်းအပ်သော စိတ်သဏ္ဌာန် သာမညနှင့်တကွ ရုပ်ပွါးသဏ္ဌာန် သာမညကဲ့သို့မှတ်။ဘုရား ဘုရားချင်းကိုရည်၍ ထိုစကားကိုဆိုသည်ဟုယူ။ဤသို့လာသော ပါဠိပါဠိတို့၌။သမုစ္စယတ္ထပိသဒ္ဒါကို ထောက်၍၎င်း။ သဗ္ဗညုတ ဉာဏဿဝိသယံ အာရမ္မဏဘူတံ ဟူသော ပါဠိကိုထောက်၍၎င်း။ ဘုရားတို့အား အစိန္တေယျဂုဏ်ရှိသည်၏ အဖြစ်ကို ထောက်၍၎င်း။ ထိုစကြာမင်း၏ ပြဿဒ်ဘုံဗိမာန်သို့ ပစ္စေကဗုဒ္ဓါသာမဟုတ်၊ဘုရားတို့လည်း ဝင်ရောက်လာကြ၏ဟုမှတ်အပ်သတည်း။ ထို့ကြောင့် နိမ္မိနိတွာ၏ ကတ္တားကို သမ္မာသမ္ဗုဒ္ဓ ဘုရားနှင့်တကွ ပစ္စေကဗုဒ္ဓါကိုမှတ်အပ်၏။ ဤသို့လာသည်ကိုထောက်၍ နိဗ္ဗာန်သို့ ကြွရောက်တော်မူပြီးသော ဘုရားတို့သည်လည်း။တိလောက

စကြာမင်းကဲ့သို့ ဘုန်းပါရမီ သီလ သမာဓိ ရှိကုန်သော သူတို့က တောင့်တလျှင် ဤလောကသို့ ကိုယ်တိုင်ပင်ပေါ် ရောက်လာအံ့သည် မချွတ်။ ဤသို့ လာရောက်ခြင်းသည် လည်း။အစိန္တေယျဂုဏ်တမျိုး။နိဗ္ဗာန်မှတပါး လောကဘုံသို့ မလာမရောက်ဆိုသည်ကား။ ပဋိသန္ဓေအားဖြင့်သာမလာ မရောက်သည်ကိုမှတ်။ ထိုစကြာမင်း၏ ဘုရားပစ္စေကဗုဒ္ဓါ တို့ကို ကိုးကွယ် ဆည်းကပ်ခြင်းကို သရဏဂုမ်ဟုမှတ်။ စကြာမင်းကို မဆိုထားဘိ။ တိရစ္ဆာန်ဖြစ် သော ဘုရား အလောင်း ဆဒ္ဒန်ဒေါင်းမင်း၏လည်း။ ရှေးဘုရားတို့ကို ရှိခိုး ကိုးကွယ်ခြင်းကိုငြင်း။ ဘုရားအလောင်း ငုမ်းမင်း၏ လည်း။ ရှေးဘုရားတို့ကို အောက်မေ့ ဆောက်တည်ခြင်း ကိုငြင်း။သရဏဂုမ်ပင်ဟုမှတ်။ သာသနာပ၌ ဘုရားထင်ရှား မရှိသော်လည်း။ တိလောကစကြာမင်း။ ဆဒ္ဒန်ဒေါင်းမင်း ငုမ်းမင်းတို့ကဲ့သို့ သိ၍ ဆောက်တည်မှုကား။ သရဏဂုမ် တည်သည်သာဟုမှတ်။ သရဏဂုမ်သည်လည်း။ လောကီ သရဏဂုမ်၊ လောကုတ္တရာ သရဏဂုမ်ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် လောကီ သရဏဂုမ်သည်။ ဒိဋ္ဌိအယူကို ယူခြင်း။သေခြင်းနှစ်ပါးတို့ကြောင့်ပျက်၏။ လောကုတ္တရာ သရဏဂုမ်မှာ အခါခပ်သိမ်း ပျက်သည်မရှိ။ ထို့ကြောင့် အနာထပိဏ်၊ဝိသာခါ၊စူဠရဋ္ဌနတ်သား၊မဟာရဋ္ဌနတ်သား အနေကဝဏ္ဏနတ်သား၊ သိကြား၊ နာဂဒတ္တနတ်သားဟု ဆိုအပ်ကုန်သော ဘုံစဉ်စံ ခုနစ်ယောက် ဝဋ္ဋနိဿိတ သော

တာပန်တို့သည်လည်း။ အကပ္ပါပါ၊ ကြားသမျှကာလပတ်လုံး သရဏဂုမ် ပျက်ခြင်းမရှိပြီ။ အယုတ်အားဖြင့် အရူပလေးဘုံ၌ဖြစ်သော သောတာပန် သကဒါဂါမ် တို့သည်လည်း။ သရဏဂုမ်မပျက်ပြီ။ သာသနာတော် တွင်း၌ပင်ဖြစ်သော်လည်း။ သရဏဂုမ်ကို မသိမဆောက်တည်သောသူတို့မှာ သရဏဂုမ်မရှိ သူငယ်ကလေးပင် ဖြစ်သော်လည်းမိဘတို့၏ ဒိဋ္ဌာနုဂတိသို့လိုက်၍။ ဗုဒ္ဓံသရဏံဂစ္ဆာ မိဟုဆို၍ဆောင်ဘည်သျှင် ဉာဏဝိပ္ပယုတ် သရဏဂုမ် ဖြစ်၏ဟုအမြဲမှတ်။ဤကား နိဗ္ဗာန်နှင့်စပ်လျဉ်း၍ သရဏဂုမ်ကို အကျဉ်းမှတ်ဖွယ်ဆိုလိုက်၏။

လေခမာနံ ခိမာရမ္ဘ၊ ရတ္တိယံ ဒက္ခိဏောဘာဂေ၊
သုပိနေ ပဿမူပါဟံ စန္ဒမင်္ဂလသုတ္တန္တိ။ ။

ဝုတ္တံဟောတံ၊ ဝစာတန္တိံ တဉ္စပေယျုံ၊ သောတ္ထိံ သတ္တာ
ကပ္ပံ တိဋ္ဌတုမေ အာယု တေသံတဒါနုဘာဝေန၊
စေတနသစ္စဝဇ္ဇေန ကေဝဋ္ဋေန သုခံခေမံ။ ။

ပ-ကား ဝတ္တဂ္ဂါ ၄-ပါဒ။ ။ဒု-ကား ကန္နဂ္ဂါ။ ၄-လုံးမွဲ့။ တ-ကား ဝတ္တဂ္ဂါ။

ဤမှ၊ ဤစာတန်းကို။ လေခမာန်၊ ရေးစဉ်။ရတ္တိယံ၊ညဉ့်အခါ၌။ ဒက္ခိဏေဘာဂေ၊ တောင်မျက်နှာအဘို့ဖြစ်သော။ ခေ၊ကောင်းကင်အလယ်၌။စန္ဒမင်္ဂလံ၊ လပြည့်ဝန်းကိုငုံး။ ဣတိ ဣမသ္မာ၊ ဤလဝန်း၏။ ဥပေ၊ အော်အနီး၌။ သုက္ကံ၊ သော်ရှုံးကြယ်ကိုငုံး။ သုပိနေ၊ဣမ္မက်၌။အဟံ၊ ငါသည်။ ပဿိ၊ မြင်မက်၏။ တေ၊ ဤအကြောင်းကို။ အာရမ္မ၊ အကြောင်းပြု၍။ဟိတံဝါစာတန်းံ၊ ထိုစာတန်းကို။စန္ဒမင်္ဂလသုတ္တန္တိ၊ စန္ဒမင်္ဂလသုတ္တစာတန်းဟူ၍။ ဝါ၊ လဝန်းသဖွယ်သော်ရှုံးကြယ်နှင့်တူသော စာတန်းဟူ၍။ ဝုတ္တံ၊ ပြုတ္တ၊ မလွတ် မချွတ် ဆိုအပ်၏။ ကေနေန၊ စင်စစ်အားဖြင့်။ ခေမံ၊ဘေးမရှိမှန် နိဗ္ဗာန်ပြည်ကြီးသည်။ သုခံ၊ချမ်းသာ၏။ တေနသစ္စဝဇ္ဇေန၊ ဤသစ္စာစကားကြောင့်ငုံး။ တေသံ၊ ထိုနိဗ္ဗာန်ဘုရားသာဝကတို့၏။တဒါနုဘာဝေန၊ထိုအံ့ခြီး၍ မကုန်။ အစိန္တေယျဂုဏ်တို့၏ အာနုဘာဝ်ကြောင့်ငုံး။ မေ၊ ငါ၏။ အာယု၊ အသက်သည်။ ကပ္ပံ၊ အနှစ်ဘရာရှည်ကြာသမျှ အာယုကပ်ပတ်လုံး။ တိဋ္ဌတု၊ တည်စေသတည်း။

အညေ၊ စန္ဒမင်္ဂလသုတ္တစာတန်း အခန်းခန်းကို ကြိုးပမ်းကုတ်သေးရေးသော ငါမှတပါးကုန်သော။ သတ္တာပိ၊ သတ္တဝါတို့သည်လည်း။ တံတေနအာနုဘာဝေန၊ ထိုနိဗ္ဗာန်ဘုရားသာဝကတို့၏ အစိန္တေယျမျိုး ဘုန်းတံခိုး အာနု

ဘာဝင်ကြောင့်။ သောတ္တိ ၊ ချမ်းသာခြင်းသို့။ ယျေုံ၊ ရော် စေကုန်သတည်း။ ။ဤကား ယောဇ္ဇာ။

စန္ဒမဏ္ဍလသုတ္တန္တိပုဒ်သည်။ ပဒတ္ထတချက် အာကာရတချက် နှစ်ချက်သင့် ဘိန္နသတ္တိချိုး။ဒုတိယဂ္ဂါ ၄-ပါဒတွင် ဟိကား သဗ္ဗနာမ် ဝါစက။ တညေကို တံအညေ၊ ပုဒ်ဖြတ်။ တံသည် နိပါတဝါစက အာနုဘာဝေနကိုပွဲ။ ၁၂၆၃-ခုနှစ် အလွန် ၄-ခုနှစ်အတွင်း သီတင်းကျွတ်လပြည့်ကျော်(၁၀) ရက်၊ ၄-ဟူးနေ့၌စန္ဒမဏ္ဍလသုတ္တစာတန်းအခန်းပြည့်စုံပြီ။